မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၁၁)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ရာဇဂြိုဟ် ရေလှောင်တမံသည် စိုက်ပျိုးရေနှင့် လျှပ်စစ်ဓာတ်အားထုတ်မည့် ဘက်စုံစီမံကိန်းဖြစ်

စီမံကိန်းပြီးစီးပါက ဆည်ရေသောက်ဧက ၈၅၀၀ ကျော် တစ်နှစ်သုံးသီးစိုက်ပျိုးလာနိုင်မည်

စိုက်ပျိုးရေးအတွက် လက်တွေ့အကျိုးရှိမည့်ဆည်ဖြစ်၍ အမြန်ပြီးစီးအောင်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးသည် ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ချင်းပြည်နယ်ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ကလေးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာမြောက်ဘက် ၂ မိုင်အကွာ နေရဋ္ဌရာချောင်း၌ တည်ဆောက်လျက်ရှိသည့် ရာဇဂြိုဟ်ရေလှောင်တမံဘက်စုံစီမံကိန်းသို့ ရောက်ရှိသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယသမ္မတအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က စီမံကိန်းသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ် *စာမျက်နှာ ၈ ကော်လံ ၁* ◆

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများအား မှာကြားစဉ်။ (သတင်းစဉ်)

ဒီမိုကရေစီနိုင်ငံတော်သစ်၏ အသွင်သဏ္ဍာန်နှင့် အနှစ်သာရများ ပုံပေါ်လာနေသည်ကို တွေ့ရမည်

နိုင်ငံစီးပွားဖွံ့ဖြိုးရေး အထူးစီးပွားရေးဇုန်များထူထောင်၍ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်လျက်ရှိ

နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် ပြည်သူ့အကျိုး ဦးထိပ်ပန်ဆင်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးသည် ဇန်နဝါရီ ၁၆ ရက် ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အောင်ဇေယျခန်းမ၌ ကျင်းပသော တွေ့ဆုံပွဲသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ချင်းပြည်နယ်ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးများ၊ ချင်းပြည်နယ်ဝန်ကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ကလေးမြို့ အောင်ဇေယျခန်းမ၌ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၉ ရက်)

ဖွံ့ဖြိုးဝေစည် နာဂတို့ဌာနီ

နာဂတို့ဌာနီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသစ်ဖြစ်လာပြီးနောက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်လာသော ဒေသတစ်ခုဖြစ်သည်။ ဤဒေသသည်ကား စစ်ကိုင်းတိုင်းဒေသကြီးရှိ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်တို့ကို စုစည်းပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်လာခြင်းဖြစ်ပေသည်။

နာဂလူမျိုးတို့နေထိုင်ရာ ဤဒေသသည်ကား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အနောက်မြောက်ပိုင်း တောင်တန်းများထူထပ်ရာဒေသတစ်ခုဖြစ်ခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲ၍ ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့ရသောဒေသဖြစ်သည်။ ထို့ကြောင့်ပင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသစ်တက်လာပြီးနောက် ဖွံ့ဖြိုးမှုနောက်ကျနေသောဒေသများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာစေရန် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့်ဒေသများအနက် နာဂဒေသသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ နိုင်ငံတော်အစိုးရသည် ဆူကြုံနိမ့်မြင့်မခွဲခြားဘဲ နယ်စပ်ဒေသ တိုင်းရင်းသားညီအစ်ကိုများထံ အရောက်သွားပြီး လိုအပ်သည့် ဖွံ့ဖြိုးရေးအကူအညီများကို ဖြည့်ဆည်းပေးလျက်ရှိပေသည်။

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးသည် ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီလ ၁၅ ရက်နေ့က လေရှီးမြို့မှတစ်ဆင့် ရဟတ်ယာဉ်များဖြင့် နာဂလူမျိုးတို့နေထိုင်ရာ ဆွမ္မရာစံပြကျေးရွာသို့ ရောက်ရှိခဲ့သည်။ ဤစံပြကျေးရွာသည် အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် နယ်စပ်ဒေသပင်ဖြစ်၏။

ဒုတိယသမ္မတနှင့် တာဝန်ရှိသူများသည် နာဂဒေသကို ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးတိုးတက်ရန်အတွက် လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့၏။ ဆွမ္မရာကျေးရွာကို ကျန်ကျေးရွာအုပ်စုများ ပေါင်းစည်း၍ ဆွမ္မရာမြို့နယ်ခွဲ အဆင့်တိုးမြှင့်နိုင်ရေးအတွက်လည်းကောင်း၊ ယင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲကိုလည်း အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ပြီး မူလတန်းလွန်ကျောင်းနှင့် အလယ်တန်းကျောင်းတို့ကို ဝိုင်းရံတည်ဆောက်ပေးရန်အတွက်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အထူးသဖြင့် နာဂဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ငွေပဒေသာပင် ငွေကျပ်သိန်း ၅၀၀၀ ကို စိုက်ထူလှူဒါန်းပေးခဲ့ခြင်းပင်ဖြစ်သည်။ ယင်းငွေပဒေသာပင်သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ငွေကျပ် သိန်း ၁၀၀၀ နှင့် လုပ်ငန်းရှင်များက ငွေကျပ် သိန်း ၄၀၀၀ စုပေါင်း၍ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပရာ လေရှီးမြို့၌ လှူဒါန်းခဲ့ခြင်းဖြစ်ပေသည်။

အဆိုပါအလှူငွေကျပ် သိန်း ၅၀၀၀ အနက် ငွေကျပ် သိန်း ၂၀၀၀ ကို အဓိက ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများအတွက်လည်းကောင်း၊ ငွေကျပ် သိန်း ၃၀၀၀ ကို ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများအတွက်လည်းကောင်း အရင်းမပျောက်ရန်ပုံငွေအဖြစ် စနစ်တကျသုံးစွဲသွားရမည်ဖြစ်သည်။

နာဂဒေသသည် တောင်တန်းဒေသဖြစ်သော်လည်း စိုက်ပျိုးရေးဖြစ်ထွန်းနိုင်ခြေရှိသည့် ဒေသဖြစ်သည်။ ယခုအခါ လှေကားထစ်တောင်ယာစိုက်ပျိုးရေးကို လုပ်ဆောင်နေပြီဖြစ်သည်။ ထို့အပြင် နာဂဒေသအတွင်း အဓိကသီးနှံ ၁၀ မျိုးနှင့် စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာကို တိုးချဲ့စိုက်ပျိုးသင့်သော ဒေသဖြစ်သည်။ ရော်ဘာသည် ဈေးကွက်ဝင်သီးနှံဖြစ်သည်။

သို့ပါ၍ နိုင်ငံတော်အပိုင်းက ပံ့ပိုးပေးနိုင်မှုနှင့် ဒေသခံနာဂတိုင်းရင်းသားတို့၏ ကြိုးစားအားထုတ်မှုတို့ပေါင်းစပ်လိုက်လျှင် မကြာမီကာလအတွင်း နာဂဒေသသည် ဖွံ့ဖြိုးဝေစည်သောဒေသအဖြစ်သို့ ရောက်ရှိလာတော့မည်မှာ မလွဲဧကန်ပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ ရေတာရှည်မြို့နယ် ပိန္နဲပင်ကျေးရွာ၌ ကျင်းပ

ရေတာရှည် ဇန်နဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျွဲရိုင်းပြင်ကျေးရွာအုပ်စု ပိန္နဲပင်ကျေးရွာ၌ အလင်းရောင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ရေတာရှည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမျိုးသန့်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းနှင်းနှင့် ကျွဲရိုင်းပြင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်မင်းစိုးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး စံ(၅)ချက်နှင့်အညီဖြစ်စေရေးဆောင်ရွက်ရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးသန့်၊ မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းနှင်း၊ ဦးဌေးလွင်နှင့် ဦးတန်တို့က သုတရသ စာစောင်များကိုလှူဒါန်းရာ ပိန္နဲပင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်စိန်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

Zaykabar Myanmar Open 2012 နိုင်ငံတကာဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေး ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှ ၅ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalar-don Golf & Country Club ၌ ကျင်းပမည့် Zaykabar Myanmar Open 2012 နိုင်ငံတကာဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးအတွက် ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် အဆိုပါဂေါက်ကလပ်၌ ကျင်းပသည်။

အဆိုပါပေါင်းစပ်ညှိနှိုင်းအစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီတွဲဖက်အတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်၊ အမှုဆောင် ဦးချမ်းဟန်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီ တွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က နိုင်ငံတကာ ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်သည့်အလျောက် အောင်အောင်မြင်မြင်ကျင်းပသွားနိုင်ရေးအတွက် အစည်းအဝေးသို့တက်ရောက်လာကြသော သက်ဆိုင်ရာဌာနကိုယ်စားလှယ်များက လုပ်ငန်းကဏ္ဍများအလိုက်ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်တို့က ပြိုင်ပွဲနှင့်စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး အားကစားနှင့်ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးက ပြိုင်ပွဲတွင် လိုအပ်ချက်များကို တင်ပြကာ အစည်းအဝေးသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာ ကိုယ်စားလှယ်များက ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ပြိုင်ပွဲ၌ နိုင်ငံပေါင်း ၂၀မှ ဂေါက်သီးရိုက် အားကစားသမား ၁၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ပန်းတောင်း ဇန်နဝါရီ ၁၈

ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျောက်ဖူးကျေးရွာအုပ်စု အမှတ်(၂၃) သစ်စက်တွင် ဇန်နဝါရီ ၄ ရက်က စက်ရုံမှူး ဦးကျော်သန်းနှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဥသျှစ်ပင်အရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ကြသည်။

နံနက်ပိုင်းတွင် စက်ရုံအရှေ့နှင့်မြောက်ဘက်ရှိ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ မီးတားလမ်းများပြုလုပ်ဆောင်ရွက်ခြင်းနှင့်စက်ရုံသန့်ရှင်းရေးများ ဆောင်ရွက်ကြသည်။ ဆက်လက်၍ အရန်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်ဖြင့်ရေဖျန်းပက် မီးသတ်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းနှင့်မီးချိတ်၊ မီးကပ်၊ သဲတို့သုံးစွဲ၍ မီးငြိမ်းသတ်ခြင်းများကို သရုပ်ပြလေ့ကျင့်ကြပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစီအစဉ်များကို ဟောပြောပို့ချခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

လွတ်လပ်ရေးနေ့အထိမ်းအမှတ် မာရသွန်ဆုပေးပွဲကျင်းပ

အုတ်တွင်း ဇန်နဝါရီ ၁၈

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မာရသွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်က အုတ်တွင်းမြို့ ကြက်သွန်ခင်း (၁)ရပ်ကွက် ပြည်လမ်းထိပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မာရသွန်ပြိုင်ပွဲ၌ဆုရရှိသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရွှေနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများကိုပေးအပ်ချီးမြှင့်ကြပြီး ပထမဆုရရှိသူတစ်ဦးအား အုတ်တွင်းမြို့ ကြယ်နီဆေးလိပ်ခုံပိုင်ရှင် သီရိသုဓမ္မသီဂီ ဒေါ်သန်းသန်းနွဲ့က ဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း သတင်းအချက်အလက်ဆက်သွယ်ရေးနည်းပညာဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း (MWEA) က ကြီးမှူး၍ Agro Bio Product Co., Ltd. ၏ ပံ့ပိုးကူညီမှုဖြင့် သတင်းအချက်အလက်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာဟောပြောပွဲကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း MWEA Tower စတုတ္ထထပ်ရှိ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းခန်းမကြီး၌ ကျင်းပသည်။

ပြန်လည်ဖြေကြား

အခမ်းအနားတွင် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း ဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်းက ဟောပြောပွဲကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် Smart Group of Companies ဥက္ကဋ္ဌဖြစ်သူ ဦးကျော်ကျော်လှိုင် **(အပေါ်ပုံ)** က ပုခက်လွှဲသောလက်မှသည် Google အသုံးပြုသောလက်များဆီသို့ ခေါင်းစဉ်ဖြင့်ဟောပြောပြီးနောက် တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားသည်။

ဟောပြောပွဲအပြီးတွင် အသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်လှဝတီက ဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်အား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်သည်။ ထို့နောက် အသင်းအတွင်းရေးမှူး ဒေါ်နှင်းဝေက ပံ့ပိုးကူညီသည့် Agro Bio Product Co.,Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်မျိုးခိုင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း)

အသိပညာပေးဟောပြောပွဲ သန်လျင်၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

သန်လျင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းကျင်းပသော အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီက သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ သန်လျင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မိုးသီတာထွန်း **(အပေါ်ယာပုံ)**က အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်အေးဝင်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ မြို့ဟောင်းအလယ်ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်သီတာအေးက HIV/AIDS ရောဂါတားဆီးကာကွယ်ရေးနှင့် ပတ်သက်၍လည်းကောင်း အသိပညာပေးဟောပြောကြကြောင်း သိရှိရသည်။

(ဝ၄၉)

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

သင်တန်းတက်ရောက်ရန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်မှ ရွေးချယ်စေလွှတ်ခြင်းခံရသူ ဒေါ်ရွှေစင်(မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မန္တလေး)သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဖွင့်လှစ်မည့် Third Country Training Programme on Strengthening of Measurement Standards Institutes of Asia Pacific Countriesသင်တန်းသို့ တက်ရောက်ရန်အတွက် ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက ထိုင်းလေကြောင်းခရီးဖြင့် ထွက်ခွာရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အမှုဆောင်အရာရှိချုပ် ဦးဌေးအောင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရှိရသည်။ **(ယာပုံ)** **(ကုန်သည်/စက်မှုအသင်းချုပ်)**

● ရှေ့ဖုံးမှ

ရှေးဦးစွာ ကလေးခရိုင်အုပ်ချုပ်ရေးမှူး၊ တမူးခရိုင်အုပ်ချုပ်ရေးမှူးနှင့် မော်လိုက်ခရိုင်အုပ်ချုပ်ရေးမှူးတို့က သက်ဆိုင်ရာခရိုင်များ၏ တည်နေရာ၊ အကျယ်အဝန်းနှင့် အုပ်ချုပ်ရေးဆိုင်ရာအချက်အလက်များကို ပဏာမရှင်းလင်းတင်ပြကြပြီး မြေအသုံးချမှု၊ မိုးရွာသွန်းမှု၊ မိုးသီးနှံစုံစိုက်ပျိုးရန် လျာထားချက်နှင့် အမှန်စိုက်ပျိုးပြီးစီးမှု၊ ဆောင်းသီးနှံစိုက်ပျိုးမှု၊ အဓိကသီးနှံ (၁၀)မျိုး ပန်းတိုင်အထွက်နှုန်းရရှိမှုနှင့် စိုက်ပျိုးထုတ်လုပ်မှု၊ စက်မှုလယ်ယာကူးပြောင်းမှု၊ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးမှု၊ အသားတင်ထုတ်လုပ်မှုနှင့် လူတစ်ဦးချင်း ဝင်ငွေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ဒေသလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်နှင့် မြို့မိမြို့ဖ ဦးဂင်ခန့်ပေါင်တို့က ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေးဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ကလေး၊ တမူးနှင့် မော်လိုက်ခရိုင် အုပ်ချုပ်ရေးမှူးများ၏ တင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းဆွေးနွေးပြီး လိုအပ်ချက်များကို တင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက ယနေ့ မိမိတို့အဖွဲ့သည် ကလေးခရိုင်၊ မော်လိုက်ခရိုင်နှင့် တမူးခရိုင်တို့မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသအခြေအနေကို သိရှိနိုင်ရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားရန် တွေ့ဆုံခြင်းဖြစ်ပါကြောင်း။

ကလေး၊ တမူး၊ မော်လိုက် သုံးခရိုင်လုံးတွင် ကျန်ရှိနေသေးသည့် မြေလွတ်၊ မြေရိုင်းများ၌ ရော်ဘာနှင့် အခြားစီးပွားဖြစ်နှစ်ရှည်ပင်များစီမံကိန်းဖြင့် စိုက်ပျိုးရန် တိုက်တွန်းပါကြောင်း၊ ထို့ပြင် အဓိက သီးနှံ (၁၀) မျိုး ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ရည်မှန်းချက်ကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း။

ထို့ပြင် ဤခရိုင်များတွင် ဝမ်းစာဖူလုံရုံမျှမက ပိုလျှံမှုရှိသည်ကို တွေ့ရပါကြောင်း၊ သို့သော်လည်း ချင်းပြည်နယ်နှင့် နာဂဒေသများအနေဖြင့် ဝမ်းစာအတွက် ကျန်ခရိုင်များကို အမှီသဟဲပြုနေရဆဲဖြစ်၍ အဆိုပါဒေသများအတွက် ဆက်လက်ရပ်တည် ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်သဖြင့် ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

အမှာစကား ပြောကြား

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ကလေးမြို့ အောင်ဇေယျခန်းမ၌ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဤဒေသတွင် ရေနံစိမ်းထုတ်လုပ်သည့်လုပ်ငန်း၊ ရွှေလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လုံခြုံရေးနှင့် အုပ်ချုပ်ရေးကို စနစ်တကျရှိရေး၊ ရေနံနှင့် ရွှေရှာဖွေတူးဖော်ရန် လာရောက်ကြသူများ၏ ကျန်းမာရေးစောင့်ရှောက်မှုပေးရေး၊ ယင်းတို့၏ ကလေးသူငယ်များအတွက် ကျောင်းပညာသင်ကြားရေးတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးသွားရန် မှာကြားလိုပါကြောင်း။

ယနေ့ နိုင်ငံတော်က လူတိုင်း လူတိုင်း မူလတန်းပညာအခမဲ့ သင်ယူနိုင်ရေးအတွက် ဖတ်စာအုပ်နှင့်လေ့ကျင့်ခန်းစာအုပ်များကို လာမည့်စာသင်နှစ်မှစ၍ ပံ့ပိုးပေးရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ကျောင်းနေအရွယ် ကလေးများ ကျောင်းနေရေးနှင့် စဉ်ဆက်မပြတ် ပညာသင်ကြားနိုင်ရေးအတွက် ပညာသင်ထောက်ပံ့ကြေးများကိုလည်းပေးအပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဝိုင်းဝန်းကူညီ

နိုင်ငံတော်က တစ်နိုင်ငံလုံးရှိ လူငယ်လူရွယ်များအတွက် အခြေခံပညာနှင့် အဆင့်မြင့်ပညာကို တစ်ဆက်တစ်စပ်တည်း သင်ယူနိုင်မည့် အခွင့်အလမ်းများကို ဖော်ဆောင်ပေးလျက်ရှိရာ အဆိုပါအခွင့်အရေးကို ကလေးသူငယ်တိုင်း ခံစားရရှိအောင် ကျောင်းသား၊ ဆရာ၊ မိဘအားလုံး ဝိုင်းဝန်းဖေးမကူညီသွားရန် တိုက်တွန်းမေတ္တာရပ်ခံပါကြောင်း။

ယခု ကလေးမြို့မှ မြို့မိမြို့ဖများ၏ တင်ပြချက်များဖြစ်သည့် ကလေးမြို့ ဆေးရုံတိုးချဲ့ရေး၊ လူနာတင်ယာဉ်တစ်စီးရရှိရေး၊ ကျောင်းများအဆင့်မြှင့်တင်ပေးရေး တင်ပြချက်များကိုလည်း ဖြည့်ဆည်းပေးသွားနိုင်အောင် ညှိနှိုင်းလုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း၊ တင်ပြသည့် မုံရွာ-ယာကြီး-ကလေး-ကလေးဝလမ်း ၁၁၅ မိုင်ကို ပြင်ဆင်သွားရန် စီစဉ်ထားပါကြောင်း၊ အဆိုပါလမ်းမှာ နောင်တွင် အိန္ဒိယ-မြန်မာ-ထိုင်းနိုင်ငံတို့ကို ဆက်စပ်လာမည့်လမ်းလည်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းကြောင်းပေါ်ရှိ ပခုက္ကူတံတားကြီးကိုလည်း မကြာမီက ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက နိုင်ငံတော်သမ္မတကိုယ်တိုင်ဦးဆောင်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် လုပ်ငန်းစဉ်တွင် ဆက်စပ်ပါဝင်သူများက အောင်မြင်အောင် ဆောင်ရွက်မည်ဆိုသည့် ရည်မှန်းချက်ခိုင်ခိုင်မာမာဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်သူများက ရွေးကောက်တင်မြှောက်ခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်များက ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုသည့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ (၃)ရပ်ကို တာဝန်ယူခွဲဝေဆောင်ရွက်နေကြပြီဖြစ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်သစ်၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရများလည်း တဖြည်းဖြည်းပုံပေါ်လာနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ထို့ပြင် နိုင်ငံတော်ကြီးအဓွန့်ရှည်ကြာစွာ တည်မြဲရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အဓိကကျသည့်အလျောက် အကြောင်းအမျိုးမျိုးကြောင့် ပေါ်ပေါက်လာသည့် လက်နက်ကိုင်ဆန့်ကျင်မှုများ ချုပ်ငြိမ်းပပျောက်ရန် ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တိုးတက်မှုများ ရရှိနေပြီဖြစ်ပါကြောင်း။

အလားတူ ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် နိုင်ငံရေးပါတီများအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်ရေးအတွက်လည်း အလေးထားဆောင်ရွက်ပေးလျက်ရှိရာ လာမည့်ရွေးကောက်တင်မြှောက်ပွဲတွင် နိုင်ငံရေးပါတီသစ်များပါ အားလုံးဝင်ရောက်ယှဉ်ပြိုင်ရန် ဆောင်ရွက်လျက်ရှိနေကြပြီ ဖြစ်ပါကြောင်း။

ထို့ပြင် နိုင်ငံစီးပွားဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအဆင်ပြေချောမွေ့စေရန်နှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်သာကိုင်သာဖြစ်စေရန်အတွက် လိုအပ်သည့်ဥပဒေများ ပြင်ဆင်ပေးခြင်း၊ အခွန်အခများ လျှော့ပေါ့ပေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှုများ လွယ်ကူလျင်မြန်မှုရှိအောင် စီမံဆောင်ရွက်ပေးခြင်း၊ အထူးစီးပွားရေးဇုန်များ ထူထောင်၍ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိပါကြောင်း။

ထို့ပြင် လူမှုရေးအဆင့်အတန်း တိုးမြှင့်ဖြစ်ထွန်းရေးအတွက် ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် လာမည့်ဘဏ္ဍာငွေအသုံးစရိတ်တွင် ပိုမိုထည့်သွင်းလျာထားခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတအနေဖြင့် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးဖြစ်ပေါ်လာစေရန်အတွက်ဆောင်ရွက်လျက်ရှိရာ ပြည်သူများကလည်း ကောင်းမွန်သည့် လူ့အဖွဲ့အစည်းအဖြစ်ပါဝင်၍ ဝိုင်းဝန်းထိန်းကျောင်းပေးကြစေလိုပါကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် ဝန်ထမ်းများကလည်း မိမိတို့တာဝန်အရအပြင် စေတနာပေါင်းစပ်၍ ပြည်သူ့အကျိုးကို ဦးထိပ်ပန်ဆင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌက ကလေးခရိုင်၊ တမူးခရိုင်နှင့် မော်လိုက်ခရိုင်တို့အတွက် DTH Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်နှင့် မီးစက်တို့ကို ပေးအပ်လှူဒါန်းရာ ခရိုင်အုပ်ချုပ်ရေးမှူးများက လက်ခံကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**

စားသုံးဆီဈေးနှုန်းသည် စားသုံးသူနှင့်ထုတ်လုပ်သူများအကြား မျှတရန်လိုအပ် စိုက်ပျိုးထုတ်လုပ်သူ နှင့် စားသုံးသူ၏ရေရှည်အကျိုးကိုမျှော်ကိုးပြီး ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၈

ဆီနှင့်ဆီထွက်သီးနှံဆိုင်ရာ ဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားရာတွင် **(အပေါ်ပုံ)** စားသုံးဆီသည် ဆန်ပြီးလျှင် အရေးပါသည့်စားသောက်ကုန်ဖြစ်ကြောင်း၊ စားသုံးဆီဈေးနှုန်းသည် စားသုံးသူများနှင့် ပြည်တွင်းထုတ်လုပ်သူများအကြား မျှမျှတတရှိရန်လိုအပ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲသည် ပြည်တွင်းဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးနှင့် သင့်တင့်မျှတသော စားသုံးဆီဈေးနှုန်းများဖြစ်ရေး၊ ပြည်တွင်းထုတ်လုပ်မှု၊ ပြည်တွင်းစားသုံးဆီလိုအပ်ချက်၊ ပြည်ပစားအုန်းဆီတင်သွင်းရန် လိုအပ်ချက်နှင့် ပြည်ပသို့ ဆီထွက်သီးနှံတင်ပို့နိုင်မည့် အလားအလာများကို ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ၊ ဆီစက်လုပ်ငန်းရှင်များ၊ ဆီစက်လုပ်သားများ၊ စားသုံးသူအများ ပြည်သူများ၏ ရေရှည်အကျိုးကိုမျှော်ကိုးပြီး ညှိနှိုင်းဆွေးနွေးပေးကြရန်လိုအပ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

၂၀၁၁ ခုနှစ် ဧပြီလတွင် စားအုန်းဆီဈေးနှုန်းများ မြင့်တက်ခဲ့သည့်အတွက် ကုမ္ပဏီအဖွဲ့အစည်းများကို ခေါ်ယူညှိနှိုင်းပြီး ပြည်ပမှစားအုန်းဆီများ တင်သွင်းရာတွင် အများပြည်သူ ကျန်းမာရေးအတွက်ရည်ရွယ်၍ စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် ဆီအရည်အသွေးကောင်းများကိုသာ တင်သွင်းစေခဲ့ကြောင်း၊ စားအုန်းဆီများ ပြည်ပမှ တင်သွင်းခွင့်ပြုခဲ့သကဲ့သို့ ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများ၊ ဆီစက်လုပ်ငန်းရှင်များ အကျိုးအတွက် ယခင်က ပြည်ပတင်ပို့ခွင့်မပြုခဲ့သည့် နှမ်းနီ၊ နှမ်းညို၊ မြေပဲဆန်၊ မြေပဲဆီနှင့် နှမ်းဆီများကို ပြည်ပသို့ တင်ပို့ရန် ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများအနေဖြင့် မိမိတို့စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများအပေါ် ဈေးကွက်ရရှိရေး၊ ဈေးကောင်းရရှိရေးတို့အတွက် ရေရှည်အလားအလာကောင်းများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ဆီစက်ပိုင်ရှင်များအနေဖြင့်လည်း နိုင်ငံတကာအဆင့်မီ အရည်အသွေးမီသည့် စားသုံးဆီများ ကြိတ်ခွဲထုတ်လုပ်နိုင်ရေးအတွက် ခေတ်မီဆီစက်အစိတ်အပိုင်းများ တပ်ဆင်အသုံးပြုခြင်း၊ ခေတ်မီဆီစက်များ တည်ဆောက်ခြင်းများကို တစ်ဦးကောင်းတစ်ယောက်ကောင်း ဆောင်ရွက်ရန် မတတ်နိုင်ပါက အသင်းအဖွဲ့ပုံစံဖြင့်ဖြစ်စေ၊ အချင်းချင်းပူးပေါင်း၍ဖြစ်စေ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

အထွက်နှုန်းတိုးတက်ရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချပေးနိုင်ရေးအတွက် မျိုး၊ သွင်းအားစုနှင့် နည်းပညာများ ပံ့ပိုးကူညီခြင်း၊ ခေတ်မီလယ်ယာသုံး စက်ကိရိယာများသုံးစွဲနိုင်ရေး ကူညီပေးခြင်း၊ စပါးနှင့်ပဲမျိုးစုံ အထူးပြုကုမ္ပဏီများကဲ့သို့ ဆီထွက်သီးနှံအထူးပြုကုမ္ပဏီများ ဖွဲ့စည်းထူထောင်နိုင်ရေးအတွက် အသင်းအဖွဲ့များ၊ ကုမ္ပဏီအဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ယခုကဲ့သို့ စိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်သည်ပွဲစားများ၊ ကုမ္ပဏီအဖွဲ့အစည်းများ၊ ပြည်ပတင်ပို့သူများနှင့် အသင်းအဖွဲ့များပါဝင်သော စိုက်ပျိုးထုတ်လုပ်သည်မှ ပြည်တွင်းပြည်ပ တင်ပို့ရောင်းချသည်အထိ Supply Chain Mechanism တစ်ခုလုံးတွင် ပါဝင်နေသူများအနေဖြင့် တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ပြီး အပြန်အလှန် ညှိနှိုင်းဆောင်ရွက်သွားနိုင်ပါက ရလဒ်ကောင်းများ ပေါ်ထွက်လာမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် လုပ်ငန်းရှင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး စာတမ်းများဖတ်ကြားကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား သြစတြေးလျနိုင်ငံ အောက်လွှတ်တော်အမတ် လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၈

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား သြစတြေးလျနိုင်ငံ အောက်လွှတ်တော်အမတ် မစ္စဂျဲနက်လေဆဖ်ဖင်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံအစည်းအဝေးဆောင် အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အတူပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး မြန်မာ-သြစတြေးလျ ချစ်ကြည်မှု တိုးမြှင့်ဆောင်ရွက်သွားရေးနှင့် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား သြစတြေးလျနိုင်ငံ အောက်လွှတ်တော်အမတ် မစ္စဂျဲနက်လေဆဖ်ဖင်း လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဦးကျော်စိုးဝင်းအား လာအိုသံအမတ်ကြီးအဖြစ်ခန့်အပ်

နေပြည်တော် ဇန်နဝါရီ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဦးကျော်စိုးဝင်းအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်အား မလေးရှားနိုင်ငံ သံအမတ်ကြီး တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၈

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်အား မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Dr. Ahmad Faisal Muhamad သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကာ မြန်မာ-မလေးရှားနှစ်နိုင်ငံ လေကြောင်းပျံသန်းမှုဆိုင်ရာ လုပ်ငန်းတိုးချဲ့ရေး၊ နေပြည်တော်လေဆိပ်တွင် လေကြောင်းဆိုင်ရာ စီမံခန့်ခွဲမှုနှင့် လေကြောင်းပျံသန်းမှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ရင်းနှီးမြှုပ်နှံရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးသည်။ (ဝဲပုံ)

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

သမဝါယမဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် ချေးငွေပေးအပ်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၈

ချင်းပြည်နယ် သမဝါယမ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် ချေးငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီတွင် ဟားခါးမြို့ ပြည်နယ်သမဝါယမ ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း တက်ရောက် အမှာစကားပြောကြားသည်။

ပေးအပ်

ဆက်လက်၍ ချင်းပြည်နယ် သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းက ပံ့ပိုးချေးငွေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သမဝါယမ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ချေးငွေကျပ် သိန်းပေါင်း ၄၆၀ ကို ချင်းပြည်နယ်အသင်းစုချုပ်ဥက္ကဋ္ဌ ဦးခမ်ကျုံးနှင့် ဒုတိယဥက္ကဋ္ဌ ဦးပါစိုဒက်ထံ ပေးအပ်သည်။

တက်ရောက်

အခမ်းအနားသို့ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်း၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအုန်းလွင်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ချင်းပြည်နယ် သမဝါယမအသင်းချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **(သတင်းစဉ်)**

မြောက်ပိုင်းဒေသများ၌ မိုးဆက်လက်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၁၈

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ကရင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၆ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့နှင့် ပင်လောင်းမြို့တို့တွင် ၁ ဒီဂရီစင်တီဂရိတ်စီ ဟဲဟိုးမြို့နှင့် လွိုင်လင်မြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ မိုးကုတ်မြို့နှင့် လားရှိုးမြို့တို့တွင် ၄ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မချမ်းဘောမြို့တွင် ၀ ဒသမ ၀၆လက်မနှင့် ကော့သောင်းမြို့တွင် ၀ ဒသမ ၁၂ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

နေပြည်တော်၊ မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

လူမှုဝန်ထမ်းဦးစီးဌာန ဗဟန်းမြို့နယ် စံပြရင်သွေးအိမ် မူကြိုကျောင်း၏ ကာယစွမ်းရည်ပြိုင်ပွဲကို ဇန်နဝါရီ ၆ ရက်က ကျောင်းဝင်းအတွင်း၌ ကျင်းပရာ ဆုရရှိသည့် ရင်သွေးငယ်များအား ကျောင်းအုပ်ဆရာမကြီးက ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မင်္ဂလာဒုံမြို့နယ် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်က အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း မြတ်ရတနာခန်းမ၌ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင်ခြောက်ဘာသာဂုဏ်ထူးရှင် မယုဇင်ဇင်နိုင်အား မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးအောင်သိန်း(ငြိမ်း)က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

အဓိက

☆ ဆုပန်ခြွေမှု
ကြိမ်ကြိမ်ပြုလည်း
တုဘက်ပြိုင်ကင်း
ကြိုးစားခြင်းသာ အဓိက။
☆ ခြိမ်းခြောက်သော်လည်း
ရဲသွေးမပျောက်
မရွံ့ကြောက်သည်
သွေးသောက်စိတ်ထား
ရင်မှာပွားရန် အဓိက။
☆ ကျူးကျော်ပါလျှင်
ရင်မြေကတုတ်
လုပ်၍တော်လှန်
နိုင်ငံတည်အောင်
ရွက်ဆောင်ခြင်းသည် အဓိက။
☆ ပြည်ပတိုင်းသား
လေလှိုင်းကြားက
အားကိုးချင်အောင်
စကားဖောင်လည်း
ဘောင်ဘင်စကား
အပြောများကို
နားမယောင်ဖို့ အဓိက။
☆ ဒို့ပြည်သူများ
စုပေါင်းအားသာ
စွမ်းအားစင်စစ်
ဖြစ်ခြင်းအမှန်
သိဖို့ရန်သာ အဓိက။
☆ ချင်းတွင်းဧရာ
သံလွင်ပါဟု
မည်မှာကွဲပြား
ရှိနေငြားလည်း
မြန်ပြည်တစ်လွှား
ဒို့အင်အားသာ အဓိက။
☆ မွန်၊ ဗမာ၊ ချင်း
ရှမ်းတစ်သင်းနှင့်
မင်းက ကရင်
ငါ ကချင်ဟု
ခေါ်စဉ်ခိုက်သာ
ကွဲပြားပါသည်-
အားလုံးမြန်မာဖြစ်သည် အဓိက။
☆ မြန်မာပြည်သား
တိုင်းရင်းသားတို့
စိတ်ထားကြည်ဖြူ
ဆန္ဒတူပြီ
ဦးတည်ချက်တိုင်း
မဆိုင်းမရွံ့
မတွန့်မဆုတ်
လုပ်ဆောင်ဖို့သာ အဓိက။ ။

ဒေါက်တာလွင်ကို

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား BBC World News Editor လာရောက်တွေ့ဆုံ

မြန်ကြားရေးဝန်ကြီးဌာန နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား လန်ဒန်မြို့ အခြေစိုက် BBC မှ World News Editor Mr. Jon Willions နှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၈

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား လန်ဒန်မြို့ အခြေစိုက် BBC မှ World News Editor Mr. Jon Willions နှင့် အဖွဲ့သည် ယမန်နေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ရုပ်မြင်သံကြားထုတ်လွှင့်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ယခုထက် ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉-၁-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ နမော…နမော (သန်းမြတ်စိုးနှင့်အဖွဲ့၊ တေးရေး-မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ **သက်ရှည်ကျန်းမာ လေ့ကျင့်ပါ**
- ၈း၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈း၀၅ ၈။ အကပဒေသာ
- ၈း၁၅ ၉။ အဖိုးတန်အသုံးဝင် မြန်မာ့ဆင်
- ၈း၃၀ ၁၀။ အတီးပြိုင်ပွဲ
- ၈း၄၅ ၁၁။ International News
- ၈း၅၀ ၁၂။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၄း၃၀ ၄။ အဆိုပြိုင်ပွဲ
- ၄း၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-တတိယနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
- ၅း၁၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၂၀ ၇။ နားဝင်ပီယံ သူ့လက်သံ
- ၅း၃၅ ၈။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၅း၄၅ ၉။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ရေခဲများ အရည်ပျော်တဲ့အခါ
- ၆း၄၀ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ အချစ်နဲ့အမုန်း** (ဒုတိယတွဲ) (အပိုင်း-၂၄)
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ အစာလည်းဆေး၊ ဆေးလည်းအစာ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး နောက်ဆုံးချစ်ပုံပြင်** (ဒုတိယတွဲ) (အပိုင်း-၃၆)
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံး** (အပိုင်း-၂၆)
- ၂၁။ အစီအစဉ်ပြီး၏။

ရုပ်ရှင်အမြည်း

မြန်မာ့အလင်း

နိုင်ငံခြားဇာတ်ကားသစ် In Time ရန်ကုန်မြို့လယ်ရုံဝင် အမေ့ကျေးဇူးဆပ်ဖူးချင်တယ် ဆက်လက်အောင်ပွဲခံ

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဇန်နဝါရီ ၁၈

ယခုတစ်ပတ် (သောကြာနေ့) ဇန်နဝါရီ ၂၀ရက်တွင် မြန်မာဇာတ်ကားသစ်များ ရန်ကုန်မြို့လယ်ရုံမဝင်ဘဲ နိုင်ငံခြားဇာတ်ကားသစ် **In Time** ဇာတ်ကား **(အောက်ပုံ)** တစ်ကားသာ မြို့လယ်ရှိ နေပြည်တော်ရုပ်ရှင်ရုံသို့ ဝင်လာသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ Andrew Niccol က ဇာတ်ညွှန်းရေးသားရိုက်ကူးထားသည်။ သရုပ်ဆောင်များမှာ Justin Timberlake, Amanda Seyfried နှင့် Cillian Murphy တို့ ခေါင်းဆောင်ပါဝင်ရိုက်ကူးထားသည်။ ဇာတ်လမ်းမှာ သိပ္ပံဇာတ်လမ်းဖြစ်ပြီး နောင်တွင် အချိန်ကိုငွေပေး၍ ဝယ်ယူနိုင်ပါက လူသားတို့၏အသက် ဆက်ရှည်နိုင်မည့်အကြောင်းကို စိတ်ကူးယဉ်စွာ ရိုက်ကူးထားသည်။ မြို့လယ်မင်္ဂလာရုပ်ရှင်ရုံတွင် **Mankatha** အိန္ဒိယဇာတ်ကား

နှင့် ရွှေဆောင်ရုပ်ရှင်ရုံတွင် **Mission; Impossible-4** ဇာတ်ကား ဆက်လက်ပြသလျက်ရှိပါကြောင်း သတင်းအမြည်းအဖြစ် ရေးသားလိုက်ရပါသည်။ **(မြန်မာ့အလင်း)**

ဆုချီးမြှင့်

အမှတ်(၃၀)အခြေခံပညာမူလတန်းကျောင်း လှိုင်မြို့နယ်၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၄ ရက်က ကျင်းပရာ မြို့နယ်ဘက်စုံထူးချွန် ပထမဆုရရှိသော စတုတ္ထတန်းမှ မငြိမ်းစုသာအား အမှတ်(၁၀) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်း ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

သိပ္ပံနည်းကျစိုက်ပျိုးခြင်းသည် စိုက်ပျိုးသီးနှံအဖယ်အလိုက် ဝင်ငွေတိုး လယ်မဲ့ယာမဲ့ မိသားစုအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖြစ်ထွန်း

နေပြည်တော် ဇန်နဝါရီ ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် ငန်းစပ်ကျေးရွာအနီးရှိ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး တောင်သူပညာပေး ၂၅ ဧက စိုက်ကွင်း၌ကျင်းပသော သိပ္ပံနည်းကျစိုက်နည်းစနစ် (G.A.P) ပေါင်းစနစ်ဖြင့် မျိုးစေ့ချပျိုးထောင်ခြင်း အခမ်းအနားသို့ တက်ရောက်အားပေးပြီး စိုက်ပျိုးရာသီအမီ မျိုးကောင်းမျိုးသန့် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးများ ဖြန့်ဖြူးပေးကာ စိတ်တူကိုယ်တူ ဆန္ဒတူဖြင့် စိုက်ပျိုးကြခြင်းဖြင့် ဝင်ငွေတိုးတက်ရရှိလာမည် ဖြစ်ကြောင်း၊ သိပ္ပံနည်းကျစိုက်နည်းစနစ်(G.A.P) ပြောင်းလဲကျင့်သုံးခြင်းသည် စိုက်ပျိုးသီးနှံ အမယ်အလိုက် ဝင်ငွေတိုးတက်စေပြီး လယ်မဲ့ယာမဲ့ ကျေးလက်နေမိသားစုအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းရရှိစေမည်ဖြစ်ကြောင်း၊ ပုလဲသွယ်စပ်မျိုးစပါးကို သိပ္ပံနည်းကျစနစ်ဖြင့် စိုက်ပျိုးလျှင် တစ်ဧကတင်း ၂၀၀ အထက် ထွက်ရှိမည်ဖြစ်၍ လယ်ပိုင်ရှင်များအနေဖြင့် ဝင်ငွေထိရောက်သော အကျိုးကျေးဇူး ရရှိမည်ဖြစ်ကြောင်း၊ ကောက်စိုက်လုံမေများအတွက်လည်း ပုလဲသွယ်စပ်မျိုးစပါးကို စိုက်ပျိုးခြင်းအားဖြင့် တစ်နေ့တာ လုပ်အားခအနည်းဆုံး ငွေကျပ် ၃၀၀၀ လက်တွေ့ရရှိစေနိုင်မည် ဖြစ်သည့်အတွက် တောင်သူတစ်ဦးချင်းမှ ကျေးရွာတစ်ရွာလုံး၊ မြို့နယ်တစ်ခုလုံး ပျံ့နှံ့၍ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေပြီး ဆင်းရဲမှုကို ထိထိရောက်ရောက် လျှော့ကျစေမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကောက်စိုက်လုံမေများ၊ တောင်သူလယ်သမားများအား ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့များ၊ စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဒက္ခိဏသီရိမြို့နယ် ထန်းတပင်ရွာအနီးရှိ ငလိုက်ဆည်ရေသောက် မြောင်းလက်တံ အမှတ်(၁)၏ အရှည်ပေ ၆၇၆၀ကို ကျောက်ကြီးလိုင်နင်စီခြင်းလုပ်ငန်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး နွေစပါးစိုက်ပျိုးရာသီအမီ တည်ဆောက်ရေးလုပ်ငန်းများပြီးစီးရေး မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထိုမှတစ်ဆင့် ထန်းတပင်ကျေးရွာ အမှတ်(၂၈) အခြေခံပညာမူလတန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသား ကျောင်းသူများအားတွေ့ဆုံ၍ ကျောင်းဆောင်အဆောက်အအုံဟောင်း မွမ်းမံပြင်ဆင်ရေးဆိုင်ရာလုပ်ငန်းများနှင့် သင်ကြားရေးဆိုင်ရာများ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အောင်သုခကျေးရွာအနီး ကုန်ထုတ်လမ်း ပေ ၁၆၀၀၀ ဖောက်လုပ်ရေးလုပ်ငန်းကိုလည်းကောင်း၊ ကျွန်းတက်ပဲ့ကျေးရွာအုပ်စု ညောင်ကုန်း၌ ဆည်ရေသောက်မြောင်းစနစ်များ တူးဖော်ခြင်းလုပ်ငန်း **(အပေါ်ပုံ)**နှင့် ကုန်ထုတ်လမ်း တည်ဆောက်ခြင်းလုပ်ငန်းများအား စက်ယန္တရားများဖြင့် အကောင်အထည်ဖော်နေမှုကို လည်းကောင်း၊ ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာ တောင်သူပညာပေး အဆင့်မြင့်လယ်ယာမြေ ၃၆၉ ဧက စိုက်ကွင်း၌ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော ပုလဲသွယ်စပ်မျိုးစပါး စိုက်ခင်းများနှင့် ပျိုးခင်းများကိုလည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာရွာအနီးရှိ အဆင့်မြင့်စက်မှုလယ်ယာမြေ ၉၄၅ ဧက စိုက်ကွင်း၌ မျိုးစေ့ချရန် သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် ပျိုးပေါင်များ ပြင်ဆင်နေမှုနှင့် ဖြစ်ထွန်းအောင်မြင်နေသော ပုလဲသွယ်စပ်မျိုးစပါး စိုက်ခင်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် ၂၀၁၂ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၈

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် မြို့တော်ခန်းမအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဆပ်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို အသေးစိတ်ရှင်းလင်းတင်ပြသွားကြရန် ပြောကြားသည်။

ယင်းနောက် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပရေးအတွက် မိမိတို့ဆပ်ကော်မတီများအလိုက် ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်က ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအသီးသီးက လုပ်ငန်းဆောင်ရွက်ချက်များကို လိုအပ်ချက်မရှိအောင် စနစ်တကျစီမံကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းတိုးတက်ဆောင်ရွက်မှုကို ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်တင်ပြဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ ကျောဖုံးမှ

အဆောက်အအုံလျော်ကြေး ငွေကျပ် ၁၈၉ ဒသမ ၁၁ သိန်း၊ ရွှေ့ပြောင်းစရိတ်ငွေကျပ် သိန်း၁၂၀၊ နှစ်ရှည်စားပင် လျော်ကြေးငွေကျပ် ၂၀ ဒသမ ၈၇ သိန်းတို့ကိုလည်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ အထူးဖွံ့ဖြိုးရေးစီမံကိန်းက ပေးအပ်ခဲ့ပြီးဖြစ်သည်။

ထို့ပြင် အိမ်ထောင်စုများပြောင်းရွှေ့ရာ၌လည်း နေပြည်တော်စည်ပင်သာယာရေးကော်မတီပိုင် မော်တော်ယာဉ်များဖြင့် သယ်ယူရွှေ့ပြောင်း ကူညီဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ယခု မီးသွေးဖိုကုန်းကျေးရွာ၌ ကျန်ရှိနေသည့် အိမ်ထောင်စုများမှာ လိုအပ်ချက်အရ ပြောင်းရွှေ့ပေးရပါက မြေကွက်အစားထိုးရယူလိုသည့် မတော်လောဘအောင်လံ၊ တောင်တွင်းကြီး၊ သရက်၊ ဒိုက်ဦး၊ ပျဉ်းမနား၊ ရန်ကုန်စသည့် ရပ်ဝေးဒေသများမှလည်းကောင်း၊ ၎င်းကျေးရွာဝန်းကျင်ရှိ သာယာကုန်း၊ ကြို့ပင်၊ ဒိုးနွယ်၊ ရွှေဂဲအင်းကျေးရွာများမှလည်းကောင်း လာရောက်ပြီး လယ်ယာမြေများကို ငွေကျပ်သုံးသိန်း၊ နှစ်သိန်းဝန်းကျင်ဖြင့် တရားမဝင်စိတ်ပိုင်းဝယ်ယူ၍ ယာယီတဲများဖြင့် ပြောင်းရွှေ့နေထိုင်လာသူများဖြစ်သည်။

အိမ်ခြေ (၁၇)လုံးခန့်သာရှိခဲ့သော မီးသွေးဖိုကုန်းကျေးရွာအား ဂြိုဟ်တုမှ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးထားသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

အိမ်ခြေ (၁၃၃) လုံးအထိ တိုးပွားလာသည့် မီးသွေးဖိုကုန်းကျေးရွာအား ဂြိုဟ်တုမှ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးထားသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဗဟန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က မြို့နယ်အတွင်းရှိ ထက်၊ လယ်၊ မူကျောင်းစာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁၆ ရက်က အထက (၁) မိုးဦးပန်းခန်းမ၌ ကျင်းပရာ အလှူရှင်များကိုယ်စား မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုလေး (ရန်ကင်းကိုကိုလေး)က မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်ကြည်ထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

ရည်ရွယ်ချက်ဖြင့် လယ်ယာမြေများကို တရားမဝင် အရပ်စာချုပ်များဖြင့် စိတ်ပိုင်းဝယ်ယူပြီး ခါတော်မီပြောင်းရွှေ့လာကြသူများဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

ပြန်လည်ပြောင်းရွှေ့

နိုင်ငံတော်အနေဖြင့် လိုအပ်ချက်အရ ပြောင်းရွှေ့ပေးရပြီး အမှန်တကယ်တရားဝင်ရထိုက်ခွင့်ရှိသော ဒေသခံများအား အစားထိုးမြေကွက်နှင့် ရွှေ့ပြောင်းစရိတ်၊ လျော်ကြေးများ ထုတ်ပေးလျက်ရှိသည့်အပြင် ဤကဲ့သို့ တရားဝင်ရထိုက်ခွင့်မရှိသူများအတွက်လည်း မူလဒေသသို့ပြန်နိုင်ရန် ရွှေ့ပြောင်းစရိတ်များ ထုတ်ပေးခဲ့သည်။ ယခုအခါ မီးသွေးဖိုကုန်းကျေးရွာ၌ကျန်ရှိသည့် အိမ်ထောင်စုများအနက်ရှစ်စုအား ရွှေ့ပြောင်းစရိတ်ငွေကျပ်နှစ်သိန်းစီ ထောက်ပံ့ထုတ်ပေးခဲ့ပြီး တစ်စုမှာ အိမ်ဖျက်သိမ်း၍ မိမိနေရင်းဒေသသို့ ပြန်လည်ပြောင်းရွှေ့သွားပြီးဖြစ်ကြောင်း သိရှိရသည်။

လက်ရှိ မီးသွေးဖိုကုန်းကျေးရွာတွင် ကျန်ရှိနေသည့် အိမ်ထောင်စုများမှာ

ပြဋ္ဌာန်းထား

၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၄ တွင် "ဤအက်ဥပဒေနှင့်လည်းကောင်း၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများနှင့်လည်းကောင်း မညီညွတ်လျှင် လယ်ယာမြေကို ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း (သို့တည်းမဟုတ်) ခွဲစိတ်ခြင်းမပြုလုပ်ရ" ဟူ၍ ပြဋ္ဌာန်းထားပြီးဖြစ်သည်။

ကြီးကြပ်ဆောင်ရွက်

နေပြည်တော်ကောင်စီ မြေယာစီမံခန့်ခွဲမှုစိစစ်ရေးအဖွဲ့အနေဖြင့် မြေယာများကို စီမံခန့်ခွဲဆောင်ရွက်ရာတွင် ဥပဒေကြောင်းအရလည်းကောင်း၊ အမှန်တကယ်ရထိုက်ခွင့်ရှိသူများ နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက်လည်းကောင်း စနစ်တကျကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၈-၁-၂၀၁၂

မချမ်းဘောမြို့

၀ ဒသမ ၀၆လက်မ

ကော့သောင်းမြို့

၀ ဒသမ ၁၂ လက်မ

■ ကျောဖုံးမှ

အလားတူ ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု နမ့်စန်း(၂)ကျေးရွာနေ မောင်ရွှေတိုးအောင် အသက် ၁၈ နှစ်သည် ဇန်နဝါရီ ၁၇ ရက် ညနေ ၄ နာရီခွဲခန့်တွင် ယင်းကျေးရွာ မူလတန်းကျောင်းနှင့် ကိုက် ၅၀ ခန့်အကွာ လမ်းမပေါ်၌ KIA အဖွဲ့မှ ထောင်ထားသော မိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့ပြီး ဘယ်ခြေသလုံး ကျိုးကြေဒဏ်ရာရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရလူနာအား တာဝန်ရှိသူများက လုံးခင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

KIA အဖွဲ့က ထောင်ထားသော မိုင်း တစ်လုံးအား နင်းမိပြီး ဒဏ်ရာ ရ ရှိ ခဲ့ သည့် မောင်ရွှေတိုးအောင် အား တွေ့ရစဉ်။ (သတင်းစဉ်)

ဂျိတီအိုင်ကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်မည်

ရန်ကုန် ဇန်နဝါရီ ၁၈

ဂျီတီအိုင်ကျောင်းပေါင်းစုံ ကျောင်းသားဟောင်းများစုပေါင်း၍ (၁၇)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၂၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီမှစ၍ ရန်ကုန်မြို့ ပြည်လမ်း ၉ မိုင်(ဗားမား)ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများသည် ဦးခင်ဇေ(ရုံးအဖွဲ့မှူး) ဖုန်း-၀၁-၅၁၉၈၆၃ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

19-1 (06).pmd 1 1/19/2012, 2:29 AM

၂၀၁၁ ခုနှစ်အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာ့ရာသီဥတုအခြေအနေသုံးသပ်ချက်

ကျော်လွင်ဦး (မိုး/ဇလ)

အချိန်၊ နာရီ၊ ရက်၊ လ၊ နှစ်၊ ရာသီတို့သည် ပုံမှန်ပြောင်းလဲလျက်ရှိနေကြရာ ၂၀၁၁ ခုနှစ်သည်လည်း နှစ်ဟောင်းတစ်နှစ်အဖြစ် ကျန်ခဲ့ကာ ၂၀၁၂ သို့ ကူးပြောင်းခဲ့ပြီး နှစ်သစ်တွင် အများအကျိုးအတွက် မိမိတို့ဆောင်ရွက်ရမည့် ကိုယ်စီရည်မှန်းချက်များ တိုးတက်အောင်မြင်ရန် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေချိန် ဖြစ်ပါသည်။ ကုန်ဆုံးခဲ့သည့်နှစ်၏ ထူးခြားသော လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးဖြစ်စဉ်များကို ပြန်ပြောင်းသုံးသပ်ကြသကဲ့သို့ သဘာဝရာသီဥတုအခြေအနေများအား လေ့လာ၊ စောင့်ကြည့်သည့် မိုး/ဇလဌာနအနေဖြင့်လည်း ကုန်ဆုံးခဲ့သော ၂၀၁၁ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာ့ရာသီဥတုအခြေအနေများကို ကောက်နုတ်တင်ပြလိုက်ပါသည်-

ဆောင်းရာသီအပူချိန်နှင့်မိုးရွာသွန်းမှုများ

၂၀၁၁ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီလများအတွင်း မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် အအေးပိုနေခဲ့ပြီး ပင်လောင်း၊ ဟားခါးမြို့များတွင် ရေခဲမှတ်အောက် အပူချိန်အထိကျဆင်းခဲ့ကာ ကျန်ဒေသများတွင် ၃ ဒီဂရီ၊ ၄ ဒီဂရီကဲ့သို့ ကိန်းဂဏန်းတစ်ခုတည်းအပူချိန် (Single digit Night Temperature) ဖြစ်နေခဲ့ပါသည်။ ထူးခြားမှုအနေဖြင့် ရန်ကုန်၊ ပြည်၊ အောင်လံ၊ သံတွဲနှင့် ကျောက်ဖြူမြို့များတွင် ဇန်နဝါရီလ စံချိန်တင်မိုးရေချိန်များ ရရှိခဲ့သည့်အပြင် ကချင်ပြည်နယ် ပန်ဝါဒေသတွင် ဇန်နဝါရီလ ၁၆ ရက်နေ့၌ ဒေသခံများအံ့အားသင့်စေခဲ့သည့် နှင်းမိုးများ ရွာကျခဲ့ခြင်းဖြစ်ပါသည်။ ယခင်က မြန်မာနိုင်ငံတွင် အပူပိုင်းဒေသဖြစ်သည့်အတွက် နှင်းမိုး၊ နှင်းမုန်တိုင်းစသည့် မိုးလေဝသသင်္ကေတ၊ အယူအဆများကို ခန့်မှန်းချက်များတွင် အသုံးမပြုခဲ့သော်လည်း အနာဂတ်ဆောင်းရာသီများတွင် မျက်ခြည်မပြတ် စောင့်ကြည့်ရမည့် မိုးလေဝသအခြေအနေတစ်ခု ဖြစ်လာခဲ့ပါသည်။ ဆောင်းရာသီအတွင်း အနိမ့်ဆုံးကျဆင်းသော ညအပူချိန်ကို ဟားခါးမြို့တွင် ဇန်နဝါရီလ ၂၁ ရက်နေ့၌ အနုတ် ၄ ဒီဂရီစင်တီဂရိတ် တိုင်းထွာရရှိခဲ့ပါသည်။

မိုးကြိုရာသီမိုးလေဝသအခြေအနေများ

မြန်မာနိုင်ငံတည်နေရာပထဝီအနေအထားအရ မုတ်သုံမဝင်မီ ဆောင်းမှနွေပြောင်းသောရာသီဖြစ်သည့် မတ်လ၊ ဧပြီလများသည် အပူချိန်မြင့်မားသည့်ကာလဖြစ်ပြီး တစ်ခါတစ်ရံ အိန္ဒိယနိုင်ငံဘက်မှ လေပွေလှိုင်းများဖြတ်ကျော်မှုကြောင့် လေထုအခြေမခိုင်မှုမှတစ်ဆင့် မိုးတိမ်တောင်ကြီးများဖြစ်ပေါ်ကာ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးထစ်ချုန်းခြင်း၊ မိုးသီးကြွေကျခြင်း၊ မိုး စနေ၊ လေ ရာဟုဆိုသည့်အတိုင်း အနောက်မြောက်ဘက်မှ လေပြင်းများ တစ်နာရီ မိုင် ၃၀ မှ ၄၀ အထိ တိုက်ခတ်လေ့ရှိပါသည်။ ၂၀၁၁ မတ်လ၊ ဧပြီလများအတွင်း အထက်ပါ မိုးလေဝသဖြစ်စဉ်များကို ဗန်းမော်၊ မကွေး၊ ဟားခါး၊ စစ်ကိုင်း၊ မန္တလေး၊ ဟုမ္မလင်း၊ လားရှိုး၊ တောင်တွင်းကြီး၊ ညောင်ဦး၊ ပြည်၊ ဖြူး၊ မိုင်းဆတ်၊ နမ့်ဆန်၊ ဝက်လက်၊ ကလေးဝ၊ ဆင်ပေါင်ဝဲ၊ ချောက်၊ ပူတာအိုနှင့် မိုးကုတ်မြို့နယ်များတွင် တွေ့ရှိရပြီး မိုးသီးကြွေကျခြင်းဖြစ်စဉ်များကို ဗန်းမော်မြို့တွင် ဖန်ဂေါ်လီလုံးခန့်၊ မန္တလေးမြို့နှင့် လားရှိုးမြို့တွင် မန်ကျည်းစေ့ခန့်၊ ကသာမြို့တွင် ကုလားပဲစေ့အရွယ်ခန့်၊ မိုင်းဆတ်မြို့၊ ဖြူးမြို့နှင့် နမ့်ဆန်မြို့များတွင် ဆီးစေ့ခန့်ကြွေကျခဲ့ကြောင်း ဒေသခံပြည်သူများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့ရုံးများနှင့် ဒေသအသီးသီးရှိ မိုးလေဝသစခန်းများမှ သတင်းပေးပို့ တိုင်းတာချက်များအရ သိရှိရပါသည်။ မိုးလေဝသသဘောအရ မိုးသီးကြွေကျခြင်းသည် အလွန်အားကောင်းကြီးမားသည့် မိုးတိမ်တောင်မှသာဖြစ်ပေါ်ပြီး မိုးတိမ်တောင်အရွယ်အစားကြီးခြင်း၊ မိုးတိမ်တောင်အတွင်းရှိ အထက်၊ အောက် လေတိုက်နှုန်းပြင်းထန်မှုနှင့် ရေငွေ့ပါဝင်မှုများခြင်းတို့သည် မိုးသီးအရွယ်အစားကို ကြီးမားစေပါသည်။

အရွယ်အစားကြီးမားသည့် မိုးသီးကြွေကျပါက လူ၊ တိရစ္ဆာန်၊ အဆောက်အအုံနှင့် ကောက်၊ ပဲ၊ သီးနှံများကို အန္တရာယ်ဖြစ်စေတတ်ပါသည်။ အလားတူ မတ်လအတွင်း စံချိန်တင်မိုးရွာသွန်းမှုများကို ဘားအံ၊ မော်လမြိုင်၊ ကျိုက္ခမီ၊ ဖျာပုံ၊ ခရမ်း၊ မင်္ဂလာဒုံ၊ တံတားဦး၊ နေပြည်တော်နှင့် ရွှေဘိုမြို့များတွင် တိုင်းထွာရရှိခဲ့ပါသည်။ ထူးခြားမှုအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းတွင် ၂၀၁၁ ခုနှစ် မတ်လ ၂၆ ရက်မှ ဧပြီလ ၂ ရက် နေ့အတွင်း နေ့အပူချိန်များ သိသိသာသာ လျော့နည်းခဲ့သည့် မိုးလေဝသအခြေအနေဖြစ်ပါသည်။ လားရှိုး၊ တောင်ကြီး၊ ကျိုင်းတုံ၊ မန္တလေး၊ မုံရွာဒေသများတွင် နေ့ပိုင်းတွင်ဖြစ်ပေါ်သည့် ပျမ်းမျှအမြင့်ဆုံး အပူချိန်အောက် ၁၀ ဒီဂရီမှ ၁၅ ဒီဂရီအထိ လျော့နည်းခဲ့ပြီး ရန်ကုန်မြို့အပါအဝင် မြစ်ဝကျွန်းပေါ်ဒေသနှင့် ကမ်းရိုးတန်းဒေသများတွင်လည်း နေ့ပိုင်းတွင် အအေးဓာတ်ပိုသည့် မိုးလေဝသအခြေအနေကို ခံစားခဲ့ရပါသည်။ အဆိုပါ မိုးလေဝသအခြေအနေကြောင့် နောင်လာမည့်နွေကာလများတွင် နေ့အပူချိန်ကျဆင်းမှုကို စောင့်ကြည့်၊ ခန့်မှန်း၊ ထုတ်ပြန်ရမည့်လုပ်ငန်းတာဝန်တစ်ခု ဖြစ်စေခဲ့ပါသည်။

အနောက်တောင်မုတ်သုံလေ ဝင်ရောက်ခြင်း၊ ဆုတ်ခွာခြင်း

မြန်မာနိုင်ငံသည် အနောက်တောင်မုတ်သုံရာသီအတွင်း တစ်နှစ်ပတ်လုံး မိုးရေချိန်၏ ၉၀ ရာခိုင်နှုန်းကျော်ရရှိသဖြင့် မုတ်သုံလေဝင်ရောက်ခြင်းသည် အလွန်အရေးကြီးပါသည်။ မုတ်သုံလေအဝင်ဖြစ်ပေါ်သည့် မိုးလေဝသမှာ ကမ္ဘာပတ်လေစီးကြောင်းများ၊ မုန်တိုင်းဖြစ်ပေါ်ခြင်းနှင့် ဆက်စပ်မှု၊ လေထု၊ ရေထုအတွင်းရှိ စည်းမှန်လှုပ်ရှားပြောင်းလဲနေသော လေထုသိပ္ပံဆိုင်ရာ အညွှန်းကိန်းများပေါ်တွင် အမှီပြုတတ်သဖြင့် မုတ်သုံ၏လျှို့ဝှက်ချက်ကို အသေးစိတ်နားလည်ဖော်ထုတ်ရန် နိုင်ငံတကာမှ သုတေသီများ ကြိုးစားအဖြေရှာနေရဆဲပင်ဖြစ်ပါသည်။

၂၀၁၁ ခုနှစ် အနောက်တောင်မုတ်သုံရာသီလေသည် ဟန်ရေးတပြင်ပြင်ဖြင့် မြန်မာနိုင်ငံတောင်ပိုင်းသို့ မေလ ၂၁ ရက်နေ့တွင် စတင်ဝင်ရောက်ခဲ့ပါသည်။ ဆက်လက်၍ မြစ်ဝကျွန်းပေါ်ဒေသများသို့ မေလ ၂၆ ရက်နေ့တွင်လည်းကောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းသို့ မေလ ၂၉ ရက်နေ့တွင်လည်းကောင်း၊ မြောက်ပိုင်းဒေသများသို့ ဇွန်လ ၅ ရက်နေ့တွင်လည်းကောင်း ဝင်ရောက်ခဲ့ပါသည်။ မြန်မာနိုင်ငံသို့ မုတ်သုံရာသီ လေဝင်ရောက်မှုသည် အချို့နှစ်များတွင် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လေ့ရှိသော မုန်တိုင်းများနှင့်အတူ ဒွန်တွဲ၍ ဝင်ရောက်လေ့ရှိသော်လည်း ၂၀၁၁ ခုနှစ် မေလအတွင်း မုန်တိုင်းဖြစ်ပေါ်ခဲ့ခြင်းမရှိကြောင်း တွေ့ရပါသည်။ ထို့အတူ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ စက်တင်ဘာလ ၂၅ ရက်နေ့တွင် စတင်ဆုတ်ခွာခဲ့ပြီး အလယ်ပိုင်းဒေသများမှ စက်တင်ဘာလ ၂၆ ရက်၊ မြစ်ဝကျွန်းပေါ်ဒေသများမှ အောက်တိုဘာလ ၅ ရက်နေ့နှင့် မြန်မာတစ်နိုင်ငံလုံးမှ အောက်တိုဘာလ ၉ ရက်နေ့တွင် ဆုတ်ခွာသွားခဲ့ကြောင်း တွေ့ရပါသည်။ ၂၀၁၁ ခုနှစ် အနောက်တောင်မုတ်သုံကာလသည် မေလ ၂၁ ရက်မှ အောက်တိုဘာလ ၉ ရက်အထိ စုစုပေါင်း ၁၂၆ ရက်ရှိပြီး မုတ်သုံလေ အားအသင့်အတင့်မှ အားအလွန်ကောင်းသည့် ရက်ပေါင်း ၉၃ ရက်ရှိခဲ့သည့်အတွက် မုတ်သုံကာလတစ်ခုလုံး၏ ၇၄ ရာခိုင်နှုန်းသည် မုတ်သုံလေ အားအသင့်အတင့်မှ အားအလွန်ကောင်းနေခဲ့သည့် အဓိပ္ပာယ်ဖြစ်ပါသည်။

မိုးဦး၊ မိုးလယ်၊ မိုးနှောင်းကာလအတွင်း မိုးရွာသွန်းမှုအခြေအနေ

မိုးဦးကာလဖြစ်သည့် မုတ်သုံလေ စတင်ဝင်သည့်နေ့မှ ဇွန်လကုန်အထိ မုတ်သုံလေ အားအလွန်ကောင်းခြင်း သုံးရက်၊ အားကောင်းခြင်းမှ အားအလွန်ကောင်းခြင်း ငါးရက်ခန့်၊ အားကောင်းခြင်း ရှစ်ရက်နှင့် အားအသင့်အတင့်မှ အားကောင်းခြင်း ၁၃ ရက် ရှိခဲ့ပါသည်။ မိုးဦးကာလအတွင်း ရွာသွန်းမြဲထက်ပိုသော ဒေသများမှာ ဟုမ္မလင်းမြို့နယ်၊ ကသာမြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ မကွေးမြို့နယ်၊ မှော်ဘီမြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဖျာပုံမြို့နယ်၊ ဗန်းမော်မြို့နယ်၊ မင်းတပ်မြို့နယ်၊ ကျောက်တော်မြို့နယ်၊ စစ်တွေမြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ လှိုင်ကော်မြို့နယ်တို့ ဖြစ်ကြသည်။ ရွာသွန်းမြဲအောက်လျော့သောဒေသများမှာ ရွှေဘိုမြို့နယ်၊ မြင်းခြံမြို့နယ်၊ မင်းဘူးမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ပုသိမ်မြို့နယ်၊ ထားဝယ်မြို့နယ်၊ ကော့သောင်းမြို့နယ်၊ လားရှိုးမြို့နယ်၊ ဟားခါးမြို့နယ်တို့ ဖြစ်ကြပါသည်။ ကျန်ဒေသများတွင် ရွာသွန်းမြဲခန့် ရွာသွန်းခဲ့ကြောင်း တွေ့ရပါသည်။

မိုးလယ်ကာလဖြစ်သည့် ဇူလိုင်လနှင့် ဩဂုတ်လများတွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းခြင်းကို ဇူလိုင်လတွင် ၁၇ ရက်နှင့် ဩဂုတ်လတွင် ၁၅ ရက်ခန့် တွေ့ရပါသည်။ ထို့ကြောင့် မိုးလယ်ကာလတွင်လည်း မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းခဲ့ပါသည်။ ရွာသွန်းမြဲထက်ပိုသောဒေသများမှာ ဟုမ္မလင်း၊ ကလေးဝ၊ ရွှေဘို၊ မုံရွာ၊ မန္တလေး၊ မိတ္ထီလာ၊ မြင်းခြံ၊ ညောင်ဦး၊ ရမည်းသင်း၊ ချောက်၊ မင်းဘူး၊ မကွေး၊ ပခုက္ကူ၊ မင်္ဂလာဒုံ၊ ကိုကိုးကျွန်း၊ ရေး၊ ကော့သောင်း၊ တောင်ကြီး၊ ကျောက်တော်နှင့် လှိုင်ကော်မြို့နယ်တို့ ဖြစ်ကြပါသည်။ ရွာသွန်းမြဲအောက်လျော့နည်းသောဒေသများမှာ မိုးကုတ်မြို့နယ်၊ မှော်ဘီမြို့နယ်၊ ဗန်းမော်မြို့နယ်နှင့် ဟားခါးမြို့နယ်တို့ ဖြစ်ကြပါသည်။ ကျန်ဒေသများသည် ရွာသွန်းမြဲခန့်ရွာသော ဒေသများဖြစ်ကြပါသည်။

မိုးနှောင်းကာလသည် စက်တင်ဘာလ ၁ ရက်နေ့မှ မြန်မာတစ်နိုင်ငံလုံးမှ အနောက်တောင်မုတ်သုံလေဆုတ်ခွာသည့် အောက်တိုဘာလ ၉ ရက်နေ့အထိ ဖြစ်ရာ မိုးနှောင်းကာလတွင် မုတ်သုံလေသည် အများအားဖြင့် အားအသင့်အတင့်မှ အားကောင်းခဲ့ပါသည်။ ရွာသွန်းမြဲထက်ပိုသောဒေသများမှာ ခန္တီး၊ မော်လိုက်၊ ကလေးဝ၊ ရွှေဘို၊ မုံရွာ၊ ဗန်းမော်၊ ကျိုင်းတုံ၊ လားရှိုးနှင့် ဟားခါးမြို့နယ်တို့ ဖြစ်ကြပါသည်။ ကျန်ဒေသများသည် ရွာသွန်းမြဲခန့်ရွာသောဒေသများဖြစ်ကြပါသည်။ မိုးနှောင်းကာလတွင် ရွာသွန်းမြဲအောက်လျော့သော ဒေသမရှိပါ။

အနောက်တောင်မုတ်သုံကာလအတွင်း မိုးရေချိန် လက်မ ၂၀၀ အထက် ရွာသွန်းခဲ့သော ဒေသများမှာ ကျောက်တော်၊ သံတွဲ၊ သထုံ၊ မော်လမြိုင်၊ ရေးမြို့နယ်တို့ ဖြစ်ကြပါသည်။ လက်မ ၁၆၀ အထက်မှ လက်မ ၂၀၀ အတွင်း ရွာသွန်းခဲ့သောဒေသများမှာ ထားဝယ်၊ မောင်တော၊ စစ်တွေ၊ ကျောက်ဖြူ၊ အမ်း၊ ဂွနှင့် ဘားအံမြို့နယ်တို့ ဖြစ်ကြပါသည်။ လက်မ ၁၂၀ အထက်မှ ၁၆၀ လက်မအတွင်း ရွာသွန်းခဲ့သောဒေသများမှာ ပူတာအို၊ ခန္တီး၊ ပဲခူး၊ ရွှေကျင်၊ မြိတ်နှင့် ကော့သောင်းမြို့နယ်တို့ ဖြစ်ကြပါသည်။ လက်မ ၈၀ အထက်မှ လက်မ ၁၂၀ အတွင်း ရွာသွန်းခဲ့သောဒေသများမှာ မြစ်ကြီးနား၊ ဟုမ္မလင်း၊ သာယာဝတီ၊ မှော်ဘီ၊ မင်္ဂလာဒုံ၊ ရန်ကုန်(ကမ္ဘာအေး)၊ ကိုကိုးကျွန်း၊ ဟင်္သာတ၊ ပုသိမ်မြို့နယ်တို့ဖြစ်ကြပါသည်။ လက်မ ၄၀ အထက်မှ လက်မ ၈၀ အတွင်း ရွာသွန်းခဲ့သောဒေသများမှာ နေပြည်တော်(ရေဆင်း)၊ ကသာ၊ မော်လိုက်၊ ကလေးဝ၊ ပြင်ဦးလွင်၊ မိုးကုတ်၊ ပျဉ်းမနား၊ ပြည်၊ ဗန်းမော်၊ မင်းတပ်၊ ဟားခါးနှင့် လွိုင်ကော်မြို့တို့ ဖြစ်ကြပါသည်။

လက်မ ၂၀ အထက်မှ လက်မ ၄၀ အတွင်း ရွာသွန်းခဲ့သောဒေသများမှာ ကန့်ဘလူ၊ ရွှေဘို၊ မုံရွာ၊ မန္တလေး၊ မိတ္ထီလာ၊ မြင်းခြံ၊ ညောင်ဦး၊ ရမည်းသင်း၊ ချောက်၊ မင်းဘူး၊ မကွေး၊ အောင်လံနှင့် ပခုက္ကူမြို့နယ်တို့ ဖြစ်ကြပါသည်။ လက်မ ၂၀ နှင့် အောက်လျော့၍ ရွာသွန်းခဲ့သော ဒေသများမရှိပါ။ အနောက်တောင်မုတ်သုံကာလတစ်ခုလုံးတွင် ဟားခါးမြို့တစ်မြို့သာလျှင် ရွာသွန်းမြဲအောက် လျော့နည်းနေသည်ကို တွေ့ရှိရပြီး စခန်းအားလုံးသည် ရွာသွန်းမြဲမိုးရေချိန်ထက် ကျော်လွန်နေသည်ကို လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ၂၀၁၁ ခုနှစ် အနောက်တောင်မုတ်သုံလေကာလအတွင်း မိုးရွာသွန်းမှုသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ရွာသွန်းမြဲကို ပြည့်မီကျော်လွန်အောင် ရွာသွန်းခဲ့သည်ဟု ဆိုနိုင်ပါသည်။

မုန်တိုင်းများအခြေအနေ

၂၀၁၁ ခုနှစ် ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း (၉) ကြိမ်ဖြစ်ပေါ်ခဲ့ရာမှ (၄)ကြိမ်တွင် ပိုမိုအားကောင်းလာပြီး မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိကာ တစ်ကြိမ်တွင် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီးတို့ ဖြစ်ပေါ်ခဲ့သဖြင့် ၂၀၁၁ ခုနှစ်အတွင်း ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်း (၅)ကြိမ်ဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၁၁ ၏ ပထမဆုံးမုန်တိုင်းအဖြစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် သီရိလင်္ကာနိုင်ငံအနီး၌ မုန်တိုင်းငယ်ဖြစ်ပေါ်ခဲ့ပါသည်။ မတ်လ ၂၈ ရက်နေ့တွင် ကပ္ပလီပင်လယ်ပြင်၌ လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်ခဲ့ရာ မိုး/ဇလမှ ငါးရက် ကြိုတင်ထုတ်ပြန်ပေးနိုင်ခဲ့ပြီး ဆက်လက်အားကောင်းလာနိုင်ခြင်း ရှိ၊ မရှိကို နိုင်ငံတကာမုန်တိုင်း ခန့်မှန်းရေးဗဟိုဌာနများနှင့်အတူ အနီးကပ်စောင့်ကြည့်ခဲ့ပြီး လိုအပ်သောသတင်းများ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးခဲ့ပါသည်။ ထို့နောက် ဇွန်လတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်နှင့် မုန်တိုင်းငယ် တစ်ကြိမ်၊ ဩဂုတ်လတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်၊ စက်တင်ဘာလတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်နှင့် မုန်တိုင်းငယ် တစ်ကြိမ် ဖြစ်ပေါ်ခဲ့ရာ မုတ်သုံလေအင်အားကောင်းစေရန် အထောက်အပံ့များ ဖြစ်ပေါ်စေခဲ့ပါသည်။

မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားသော မုန်တိုင်းငယ်သည် အောက်တိုဘာလ ၁၇ ရက်နေ့၊ မြန်မာစံတော်ချိန် ၁၇ နာရီ မိနစ် ၃၀ တွင် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းတစ်ခုမှ အစပြုဖြစ်ပေါ်ခဲ့ပါသည်။ လေဖိအားနည်းရပ်ဝန်းသည် မုန်တိုင်းငယ်အဖြစ်သို့ အားကောင်းလာရန် နှစ်ရက်ခန့် အားပျိုးနေခဲ့ပြီး အောက်တိုဘာလ ၁၉ ရက်နေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ မုန်တိုင်းငယ်သည် အရှေ့-အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာစံတော်ချိန် ည ၈ နာရီအချိန်တွင် ရခိုင်ပြည်နယ် မောင်တောမြို့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့တို့အကြားမှ ကုန်းတွင်းသို့ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိနေခဲ့ပါသည်။

အောက်တိုဘာလ ၂၀ ရက်နေ့ နံနက် ၅ နာရီခွဲအချိန်တွင် ကုန်းတွင်း မုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ပြီး အိန္ဒိယ-မြန်မာ(ချင်းပြည်နယ်) နယ်စပ်အနီးတွင် လေဖိအားနည်းရပ်ဝန်းအဖြစ်တည်ရှိခဲ့ကာ တဖြည်းဖြည်း အားပျော့ပျက်ပြယ်သွားခဲ့ပါသည်။ မုန်တိုင်းငယ်၏အရှိန်ကြောင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အောက်တိုဘာလ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့အထိ သုံးရက်အတွင်း မိုးရေချိန် ၆ လက်မမှ ၁၅ လက်မအထိရွာသွန်းခဲ့ပြီး ညောင်ဦးမြို့အပါအဝင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် စံချိန်တင်မိုးရွာသွန်းမှုနှင့် လျှပ်တစ်ပြက်ရေကြီးမှုများဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။ မုန်တိုင်းငယ်ရွေ့လျားမည့်လမ်းကြောင်းမှာ အရှေ့မြောက်ဘက်သို့ ကွေ့နိုင်မည့်အခြေအနေများရှိခဲ့သည့်အပြင် အမေရိကန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများရှိ မုန်တိုင်းခန့်မှန်းရေးဌာနများမှ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ အားကောင်းလာနိုင်ကြောင်း ထုတ်ပြန်ထားသဖြင့် မုန်တိုင်းသတိပေးချက်များထုတ်ပြန်၍ ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းဒေသအား အထူးအလေးထားစောင့်ကြည့်လျက် လေပြင်းတိုက်ခတ်မှုနှင့် မုန်တိုင်းဒီရေတက်ရောက်နိုင်မှုတို့အား စောင့်ကြည့်ထုတ်ပြန်ပေးခဲ့ရခြင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်ကြောင်း ထုတ်ပြန်ခြင်းများအပြင် နိုင်ငံပိုင်အသံလွှင့်မီဒီယာများမှတစ်ဆင့် မုန်တိုင်းငယ်၏ နောက်ဆုံးအခြေအနေနှင့် နောက်ဆက်တွဲ ဘေးအန္တရာယ်များကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့၏ အနီးကပ်လမ်းညွှန် ပံ့ပိုးမှုဖြင့် ပထမဆုံးအကြိမ်အဖြစ် တိုက်ရိုက်ဆက်သွယ် ထုတ်လွှင့်ပေးနိုင်ခဲ့ပါသည်။

မုန်တိုင်းငယ်ဖြစ်ပေါ်နေစဉ်အတွင်း မြန်မာ့ပင်လယ်ပြင်၊ ကျောက်ဖြူမြို့အနီး လုံခြုံရေးတာဝန်ဆောင်ရွက်နေသော တပ်မတော်(ရေ)စစ်ရေယာဉ်မှူးတစ်ဦးမှ ပင်လယ်ပြင်လေတိုက်နှုန်းနှင့် လှိုင်းအခြေအနေများ သတင်းဆက်သွယ်ပေးပို့မှုကို လက်ခံရရှိခြင်း၊ ရခိုင်ကမ်းရိုးတန်းဒေသခံပြည်သူများမှ မိမိတို့ဒေသ မိုးလေဝသအခြေအနေများအား တယ်လီဖုန်းဖြင့်ဆက်သွယ်သတင်းပေးပို့ခြင်း၊ မုန်တိုင်းရွေ့လျားမှုအခြေအနေများကို ဖုန်းဆက်မေးမြန်းခြင်းများရှိသကဲ့သို့ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့်လည်း မုန်တိုင်းသတိပေးချက်ထုတ်ပြန်ချိန်မှ ၁၅ မိနစ်အတွင်း နိုင်ငံတော်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံသဘာဝဘေးကြိုတင်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များ၊ ဒေသဆိုင်ရာတိုင်းစစ်ဌာနချုပ်များနှင့် နိုင်ငံပိုင်သတင်းမီဒီယာများသို့ ဆောလျင်စွာသတင်းပေးပို့နိုင်ခဲ့သဖြင့် ကြိုတင်သတိပေးစနစ်သည် ယခင်နှစ်များထက် ပိုမိုသွက်လက်ကောင်းမွန်လာခဲ့သည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် ထိရောက်သော ကြိုတင်သတိပေးချက်ဖြစ်စေရန်အတွက် သတိပေးချက်များအချိန်မီထုတ်ပြန်ခြင်း၊ သတိပေးချက်ကို လက်ခံရရှိခြင်း၊ သတိပေးချက်အား လိုက်နာတုံ့ပြန်ဆောင်ရွက်ခြင်းများ ပိုမိုကောင်းမွန်ရေးအတွက် ဟန်ချက်ညီညီ ဆက်လက်ပူးပေါင်းဆောင်ရွက်နေရမည်ဖြစ်ပါသည်။

၂၀၁၁ ခုနှစ် နောက်ဆုံးသီတင်းပတ်ရက်များဖြစ်သည့် ဒီဇင်ဘာလ ၂၄ ရက်နေ့ ညနေ ၆ နာရီခွဲတွင် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု စတင်ဖြစ်ပေါ်ခဲ့ပြီး ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပြီး အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပါသည်။ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် မုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်း "သိမ်း"(THANE) အဖြစ်သို့ရောက်ရှိပြီး ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ပိုမိုအားကောင်းလာကာ အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီးအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ အဆိုပါဆိုင်ကလုန်းမုန်တိုင်းကြီးသည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် အိန္ဒိယနိုင်ငံ တောင်ပိုင်း တမီလ်နာဒူးကမ်းခြေကို ချင်းနိုင်မြို့၏ တောင်ဘက်မှဖြတ်ကျော်ခဲ့ပါသည်။ ဆိုင်ကလုန်းမုန်တိုင်းကြီး "သိမ်း" ၏အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မိုးများရွာသွန်းခဲ့ပါသည်။

၂၀၁၁ ၏ ထူးခြားချက်များ

၂၀၁၁ ခုနှစ်သည် နှစ်စတွင် လာနီညာရာသီဥတုဖြစ်ပေါ်ခဲ့သလို နှစ်ကုန်ခါနီးတွင်လည်း တစ်ကျော့ပြန် လာနီညာထပ်ဆင့်ဖြစ်ပေါ်ခဲ့ရာ ၂၀၁၁ ၏ ထူးခြားသည့်အချက်များတွင် ထည့်သွင်းသင့်ပါသည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်များအရ ၁၉၉၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ၁၅ နှစ်တာကာလအတွင်း ပူနွေးသော ၁၃ နှစ်တွင် ၂၀၁၁ ခုနှစ်သည်လည်း လာနီညာနှစ်ဖြစ်ပါလျက် ပူပြင်းသော နှစ်တစ်နှစ်အဖြစ် ပါဝင်ခဲ့ကြောင်း၊ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် ကမ္ဘာ့မြေမျက်နှာပြင် အပူချိန်နှစ်ခုပေါင်းသည် ၁၉၆၁-၁၉၉၀ ပျမ်းမျှတန်ဖိုးထက် ၀ ဒသမ ၁၁ ဒီဂရီစင်တီဂရိတ်မှ ၀ ဒသမ ၄၁ ဒီဂရီစင်တီဂရိတ်အတွင်း ပိုမိုပူနွေးခဲ့ကြောင်း၊ ၂၀၁၁ ကမ္ဘာ့ရာသီဥတုအား လာနီညာရာသီဥတုမှ စိုးမိုးခဲ့ကြောင်း၊ ကမ္ဘာ့ဒေသအများအပြားတွင် ရာသီဥတုဖောက်ပြန်ခြင်းများနှင့်အတူ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် ဆုံးရှုံးမှုကြီးမားသော ရေကြီးမှုကြုံတွေ့ခဲ့ရကြောင်း သုံးသပ်ထားပါသည်။ ထို့အတူ မြန်မာနိုင်ငံအနေဖြင့်လည်း အအေးဆုံးအပူချိန်အဖြစ် ဟားခါးမြို့တွင် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် အနုတ် ၄ ဒီဂရီစင်တီဂရိတ်၊ အပူချိန်အမြင့်ဆုံးအဖြစ် မေလ ၁၅ ရက်နေ့တွင် ချောက်မြို့၌ ၄၅ ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး ၂၄ နာရီအတွင်း မိုးအများဆုံးမြို့အနေဖြင့် ဇူလိုင် ၂၁ ရက်နေ့တွင် တောင်ကုတ်မြို့၌ မိုးရေချိန် ၂၉ ဒသမ ၁၀ လက်မတို့သည် အမြင့်ဆုံးကိန်းဂဏန်းများအဖြစ် တိုင်းတာရရှိခဲ့ပါသည်။ လာမည့် ၂၀၁၂ ခုနှစ် နှစ်သစ်တွင်လည်း ဖြစ်ပေါ်ပြောင်းလဲနေမည့် ထူးခြားမိုးလေဝသအခြေအနေများအား မျက်ခြည်မပြတ်စောင့်ကြည့်ပြီး ကြိုတင်သတိပေးချက်များကို အချိန်မီထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆွေးနွေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့၊ အမှတ် (၅)ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူး ညီညီထွဏ်းနှင့်အဖွဲ့သည် ဇန်နဝါရီ ၁၆ ရက်တွင် ပန်းဘဲတန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၃၀၀ တို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ကလေးတက္ကသိုလ် ကဘော်ခန်းမ(၃)၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

◆ *ရွှေဖုံးမှ*

ရာဇဂြိုဟ်ကျေးရွာအနီးတွင် တည်ရှိပြီး နေရဥ္စရာချောင်း၌ တည်ဆောက်ထားခြင်းဖြစ်ပါကြောင်းဖြင့် ပဏာမ ရှင်းလင်းတင်ပြပြီးနောက် အဓိက ဆောင်ရွက်ရမည့် လုပ်ငန်းကဏ္ဍများ ဖြစ်သည့် အကြိုတည်ဆောက်ခြင်း၊ တမံတည်ဆောက်ခြင်း၊ ရေစိမ့်တား ကွန်ကရစ်နံရံ တည်ဆောက်ခြင်း၊ ဘိလပ်မြေသရွတ်မှုတ်သွင်းခြင်း၊ ပင်မ တမံတည်ဆောက်ခြင်း၊ ဆည်ရေသောက်စနစ်တည်ဆောက်ခြင်း၊ နေရဥ္စရာချောင်းကူးတံတား တည်ဆောက်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်းနှင့် ရေအားလျှပ်စစ်အဆောက် ဒေသနှင့် ဖားကန့်ဒေသများအတွက် ဖြည့်ဆည်းပေးနေသောဒေသဖြစ်ရာ ဆည်ရေရရှိပါက ဆည်ရေသောက် ဧက (၈၅၀၀)ကျော်သည် တစ်နှစ်သုံးသီး စိုက်ပျိုးလာနိုင်မည်ဖြစ်၍ စိုက်ပျိုးရေးအတွက် လက်တွေ့အကျိုးရှိစေမည့် ဆည်တစ်ခုဖြစ်ကြောင်း။

ထို့ပြင် ဤစီမံကိန်းမှထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားကိုဒေသတွင်း လျှပ်စစ်ဓာတ်အား လိုအပ်ချက်အား သင့်လျော်အောင်ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ယခုစီမံကိန်းအတွက် လိုအပ်သောဘဏ္ဍာရန်ပုံငွေများလည်း ပေးပြီးဖြစ်၍ အမြန်ပြီးစီးအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ရှိသော လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းရှင်များ ကိုယ်စား အိုင်ဂျီအီးကုမ္ပဏီဥက္ကဋ္ဌ ဦးနေအောင်က ကလေးမြို့ ပြည်သူ့ဆေးရုံကြီးအတွက် ငွေကျပ် သိန်း ၅၀၊ ကလေးခရိုင်အတွင်းရှိ ကျေးလက်ဆေးပေးခန်း နှစ်ခုအတွက် ငွေကျပ် သိန်း ၄၀ ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးက လက်ခံသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ကလေးမြို့ ကလေးတက္ကသိုလ်သို့ရောက်ရှိကြရာ တာဝန်ခံပါမောက္ခချုပ်နှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကလေးတက္ကသိုလ်

ဒုတိယသမ္မတ သီဟသူရဦးတင်အေ
ရေလှောင်တမံတည်ဆောက်ရာတွင် အသုံးပြုမ
များကို ကြည့်ရှုစဉ်။

ကွန်ပျူတာတက္ကသိုလ်(ကလေး)ပင်မသုံးထပ်ကျောင်းဆောင်သစ် တည်ဆောက်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

အအုံတည်ဆောက်ခြင်း လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ရာဇဂြိုဟ်ရေလှောင်တမံသည် စိုက်ပျိုးရေးနှင့် လျှပ်စစ်ဓာတ်အားထုတ်မည့် ဘက်စုံစီမံကိန်းတစ်ခုဖြစ်၍ လုပ်ငန်းနှစ်ရပ်ကို ညီညွတ်မျှတအောင် ဆောင်ရွက်ရန်လိုကြောင်း။

စီမံကိန်းတည်ဆောက်

စီမံကိန်းတည်ဆောက်မှုအနေဖြင့် စိုက်ပျိုးရေပေးဝေမည့်လုပ်ငန်းအပိုင်းက အရင်ပြီးစီးနိုင်ပြီး လျှပ်စစ်ကိစ္စမပြီးသေးပါက ရေပေးမြောင်းများ အမြန်ပြီးစီးအောင် တည်ဆောက်၍ ရေပေးဝေသည့်လုပ်ငန်း အလျင်စတင်နိုင်ရန် စီစဉ်သွားရန်လိုအပ်မည် ဖြစ်ကြောင်း။

ဤဒေသသည် ဆန်လိုအပ်သော ဒေသဖြစ်သည့် ချင်းပြည်နယ်၊ နာဂ

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယသမ္မတသည် စီမံကိန်းရှင်းလင်းဆောင်စုရပ်မှနေ၍ စီမံကိန်းလုပ်ငန်းခွင် အခြေအနေနှင့် နေရဥ္စရာချောင်း၏ ရေဝေရေလဲ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် စီမံကိန်းရှင်းလင်းဆောင်ရှေ့၌ ခင်းကျင်းပြသထားသော ရေလှောင်တမံတည်ဆောက်ရာတွင် အသုံးပြုမည့် သဲနှင့် ကျောက်နမူနာများကို ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ကွန်ပျူတာတက္ကသိုလ်(ကလေး) ပင်မသုံးထပ် ကျောင်းဆောင်သစ် တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

ဆက်လက်၍ စီမံကိန်းရှင်းလင်းဆောင်၌ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူက တည်ဆောက်ရေးလုပ်ငန်းများ အခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက စာသင်ဆောင်များ တည်ဆောက်ပြီးစီးပါက ယခင်စာသင်ဆောင်အဟောင်းများတွင် ဆရာ ဆရာမများ နေထိုင်နိုင်အောင် စီစဉ်ပေးရေးနှင့် ဝင်ထွက်လမ်းများပါ တစ်ပါတည်းပြီးအောင်ဆောင်ရွက်ရန် မှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ရွှေသံလွင်ကုမ္ပဏီက ကွန်ပျူတာတက္ကသိုလ်(ကလေး)အတွက် ဖုန်း၊ အင်တာနက်နှင့် ရုပ်သံလိုင်းများ ပါဝင်သော MPS Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်နှင့် လက်ဆွဲမီးစက်တို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံသည်။

ယင်းနောက် ဒုတိယသမ္မတသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ပင်မသုံးထပ် ကျောင်းဆောင်သစ် တည်ဆောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြိုဆို

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကလေးမြို့ ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ သူနာပြုများက ကြိုဆိုကြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ကလေးမြို့ ပြည်သူ့ဆေးရုံကြီး အကွက်ချပုံစံဖြင့် ဆေးရုံတည်ဆောက်ထားမှုအနေအထားကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လက်ရှိဆေးရုံတွင် လူနာဝင်ဆံ့မှုအရ လူနာများပြားနေ၍ ဆေးရုံတိုးချဲ့တည်ဆောက်နိုင်ရေးအတွက် မြေနေရာအား ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဆေးရုံအတွင်း ကလေးကုသဆောင်၊ သားဖွားမီးယပ်ဆောင်၊ ခွဲစိတ်ဆောင်၊ အထူးကြပ်မတ်ကုသခန်းနှင့် အမျိုးသားလူနာဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်

ကဘော်ခန်းမ(၃)၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ကလေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ်ဦးမြင့်ဆွေက ကလေးတက္ကသိုလ်၏ သမိုင်းအကျဉ်းကို ပဏာမရှင်းလင်းတင်ပြပြီး သင်ကြားပို့ချသော အထူးပြုဘာသာရပ်များ၊ မြို့နယ်အလိုက် ကျောင်းသားဦးရေ၊ အသုံးပြုလျက်ရှိသော စာသင်ခန်းများ၊ ကလေးတက္ကသိုလ်ဘာသာရပ်အလိုက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ သုတေသနစာရင်းနှင့် သင်ကြားစီမံကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ပံ့ပိုးဖြည့်ဆည်း

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ယနေ့ မိမိနှင့်အဖွဲ့သည် ကလေးဖွံ့ဖြိုးရေးဒေသရှိ တက္ကသိုလ်များသို့ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း၊ ဤကလေးဒေသရှိ တက္ကသိုလ်များ၌ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ လူငယ်လူရွယ်များ၏ အဆင့်မြင့်ပညာသင်ကြားနိုင်ရန် တည်ထောင်ပေးခဲ့ခြင်း

ရှိသော လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းရှင်များ ကိုယ်စား အိုင်ဂျီအီးကုမ္ပဏီဥက္ကဋ္ဌ ဦးနေအောင်က ကလေးမြို့ ပြည်သူ့ဆေးရုံကြီးအတွက် ငွေကျပ် သိန်း ၅၀၊ ကလေးခရိုင်အတွင်းရှိ ကျေးလက်ဆေးပေးခန်း နှစ်ခုအတွက် ငွေကျပ် သိန်း ၄၀ ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးက လက်ခံသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ကလေးမြို့ ကလေးတက္ကသိုလ်သို့ရောက်ရှိကြရာ တာဝန်ခံပါမောက္ခချုပ်နှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကလေးတက္ကသိုလ်

ဖြစ်ပါကြောင်း၊ တက္ကသိုလ်များတွင် တက်ရောက် ပညာဆည်းပူးနေသည့် ကျောင်းသားဦးရေမှာ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တွင် ကျောင်းသားအင်အား ၅၀၀၀ ကျော် လက်ခံသင်ယူနိုင်ပြီး လက်ရှိကျောင်းသား ၄၀၀၀ ကျော်၊ ကွန်ပျူတာတက္ကသိုလ်တွင် ကျောင်းသား ၁၂၅ ဦး၊ နည်းပညာတက္ကသိုလ်တွင် ကျောင်းသား ၁၄၀၀ တက်ရောက်သင်ကြားလျက်ရှိနေကြကြောင်း။

သို့ရာတွင် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များတွင် တက်ရောက်နိုင်မှု အားနည်းနေသေးရာ အခြေခံပညာကျောင်းများမှ အရည်အချင်းမီ ကျောင်းသားများ ဖြစ်ပေါ်လာစေရေးအတွက် တစ်ဖက်က အခြေခံပညာ ဦးစီးဌာနအနေဖြင့် ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရာဇဂြိုဟ်ရေလှောင်တမံတည်ဆောက်ရာတွင် အသုံးပြုမည့် သဲနှင့်ကျောက် နမူနာများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

ယနေ့ မိမိတို့နိုင်ငံ၏အခြေအနေမှာ စီးပွားရေးလုပ်ငန်းမျိုးစုံ ပေါ်ပေါက်လာနေပြီဖြစ်ကြောင်း၊ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများလည်း နိုင်ငံအတွင်းစီးဝင်လာမည်ဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးတက်လာမည်ဖြစ်ရာ မိမိတို့ လူငယ်များ အရည်အချင်းပြည့်ပြည့်ဝဝဖြင့် လုပ်ငန်းခွင်အတွင်း ဝင်ရောက်နိုင်သူများဖြစ်အောင် အလေးအနက်ထားသင်ကြားပေးရန် ဆရာ ဆရာမများအား မေတ္တာရပ်ခံပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌက ကလေးတက္ကသိုလ်အတွက် ဖုန်း၊ အင်တာနက်နှင့် ရုပ်သံလိုင်းများပါဝင်သော MPS Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်နှင့် လက်ဆွဲမီးစက်တို့ကိုပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးက လက်ခံသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် နည်းပညာတက္ကသိုလ် (ကလေး) သို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဒုတိယသမ္မတက ဆရာ ဆရာမများအား သိရှိလိုသည်များမေးမြန်းပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ထို့နောက် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌက နည်းပညာတက္ကသိုလ် (ကလေး)အတွက် ဖုန်း၊ အင်တာနက်နှင့် ရုပ်သံလိုင်းများပါဝင်သော MPS Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်နှင့် လက်ဆွဲမီးစက်တို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးက လက်ခံသည်။

ရွှေသံလွင်ကုမ္ပဏီသည် အစိုးရစက်မှုလက်မှု အထက်တန်းကျောင်း (ကလေး)အတွက်လည်း ဖုန်း၊ အင်တာနက်နှင့် ရုပ်သံလိုင်းများပါဝင်သော MPS Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်နှင့်လက်စွဲမီးစက်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကလေးမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

ဒုတိယသမ္မတသည် ကလေးမြို့မှ အပြန်တွင် မုံရွာ-ယာကြီး-ကလေးဝ လမ်းကို လေယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

ကဘော်ခန်းမ(၃)၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ကလေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ်ဦးမြင့်ဆွေက ကလေးတက္ကသိုလ်၏ သမိုင်းအကျဉ်းကို ပဏ္ဏာမရှင်းလင်းတင်ပြပြီး သင်ကြားပို့ချသော အထူးပြုဘာသာရပ်များ၊ မြို့နယ်အလိုက် ကျောင်းသားဦးရေ၊ အသုံးပြုလျက်ရှိသော စာသင်ခန်းများ၊ ကလေးတက္ကသိုလ်ဘာသာရပ်အလိုက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ သုတေသနစာရင်းနှင့် သင်ကြားစီမံကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ပံ့ပိုးဖြည့်ဆည်း

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ယနေ့ မိမိနှင့်အဖွဲ့သည် ကလေးဖွံ့ဖြိုးရေးဒေသရှိ တက္ကသိုလ်များသို့ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း၊ ဤကလေးဒေသရှိ တက္ကသိုလ်များ၌ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ လူငယ်လူရွယ်များ၏ အဆင့်မြင့်ပညာသင်ကြားနိုင်ရန် တည်ထောင်ပေးခဲ့ခြင်း

စီစဉ်ဆောင်ရွက်

ယခု ၂၀၁၁-၂၀၁၂ ပညာသင်နှစ်စတင်တက်ရောက်သော တက္ကသိုလ်ကျောင်းသားများမှစ၍ သင်ကြားမှုအား တစ်နှစ်ထပ်မံတိုးမြှင့်သင်ကြားရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အဓိကမှာ လက်ရှိစာသင်ကြားမှုတွင် သင်ရိုးများပြည့်ဝစွာ သင်ကြားပေးနိုင်သော်လည်း ကျောင်းသားများအနေဖြင့် ဘာသာရပ်နှင့် ဆက်စပ်၍ ပိုမိုလေ့လာနိုင်မှု အချိန်လျော့နည်းခြင်း၊ ကျမ်းပြုစာတမ်းများပြုစုရာတွင် အချိန်မလုံလောက်ခြင်းတို့ကြောင့် သင်ကြားမှုဘာသာရပ်နှင့် လက်တွေ့ဆက်စပ်ပေးနိုင်မှု အားနည်းချက်များအတွက် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

ထိုသို့ ဆောင်ရွက်ခြင်းကြောင့် တက္ကသိုလ်ကျောင်းသားများအနေဖြင့် ဘွဲ့ရပြီး လုပ်ငန်းခွင်ဝင်သည့်အခါ အတွေးအခေါ်မှန်မှန်ကန်ကန် ပညာရည် ပြည့်ပြည့်ဝဝဖြင့် လုပ်ငန်းခွင်အတွင်း ဝင်ဆံ့သွားမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့်လည်း ကျောင်းသားများ၏ ပညာရည်မြင့်မားရေးကို အလေးထားဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ကလေးမြို့ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၁-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၄၀ **လူ(၁၀)မျိုး** တရားတော် (ဆရာတော်ဓမ္မဒူတအရှင်မာဃိန္ဒ)
- ၆:၃၀ အံ့ဖွယ်တမူ "ဆဒ္ဒဂူ"
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၉၁)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ**(အပိုင်း-၄၄)
- ၈:၄၅ The Shop Around the Corner (Part-3)
- ၈:၅၀ Life & Dance 10th Anniversary Dance Concert (Part-3)
- ၉:၃၅ Intellectual Talk လက်ရှိမြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲခြင်းနှင့် ၂၀၁၂ ခုနှစ်အတွက် ရာသီဥတုအလားအလာ (ဒေါက်တာထွန်းလွင်၊ မျိုးမြတ်သူ)
- ၁၀:၂၀ Activities in the City သာကေတ မြို့နယ်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပွဲ ကန်တော့ပန်း ပန်ဆင် ဦးထိပ်တင် အမက (၂၇)တွင်…
- ၁၀:၅၀ (၅၃)ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် (မြောက်ဥက္ကလာပမြို့နယ်)
- ၁၁:၀၅ New Star Gems & Jewellery Show (Part-1)
- ၁၁:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၂၉)
- ၁၂:၂၅ ဇောတိရိပ်ငြိမ်တောရကျောင်း ဆရာတော် ဝိဇာတမဂ်လာနှင့်(၇)ရက် တရားစခန်းအောင်ပွဲအခမ်းအနား
- ၁၂:၄၀ ရာပြည့်ပူဇော်…မဟာကထိန်ပွဲတော်
- ၁:၀၀ **လူ(၁၀)မျိုး** တရားတော် (ဆရာတော်ဓမ္မဒူတအရှင်မာဃိန္ဒ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ ကြည်နူးပျော်ရွှင်စွာဆင်နွှဲ မင်းဘူးမြို့ အထက(၁)ရဲ့ အာစရိယပူဇော်ပွဲ
- ၂:၄၀ မြို့မြစ်ငယ်မှ ရသာထူးတဲ့ထောပတ် "ရွှေမြန်မာ"
- ၂:၅၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **အချစ်ကျိုင်**
- ၃:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၉၁)
- ၄:၀၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၄၄)
- ၅:၀၀ NEW FASHION DESIGNER GROUP (ဒီဇိုင်းပညာနှင့် စက်ချုပ်ပညာဒါနသင်တန်းကျောင်း၏ သင်တန်းဆင်းပွဲ)
- ၅:၁၅ ရန်ကုန်မြင်ကွင်းကျယ်(ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်(၁၉၇၅-၇၉) ခုနှစ်၊ ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ ကျောင်းသား ကျောင်းသူများ၏ (တတိယ)အကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲအခမ်းအနား
- ၅:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၂၉)
- ၆:၀၀ MRTV -4 သတင်း
- ၆:၁၅ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၉၂)
- ၇:၀၅ Life & Dance 10th Anniversary Dance Concert (Part-4)
- ၈:၀၀ MRTV -4 သတင်း
- ၈:၃၀ New Star Gems & Jewellery Show(Part-2)
- ၉:၂၀ The Shop Around the Corner (Part-4)
- ၉:၃၀ MRTV -4ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ**(အပိုင်း-၄၅)
- ၁၀:၁၅ Style ရှိမှ Star ဖြစ်မယ်
- ၁၀:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၃၀)
- ၁၁:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁:၅၀ အနုပညာမိုးကောင်းကင်
- ၁၂:၁၀ ဓာတ်ပုံထဲမှအမှတ်တရများ (ဇော်ကိုကို-ဒါရိုက်တာ)(အပိုင်း-၁)
- ၁၂:၃၅ **အမေကျေနပ်မှာပါ** ဇင်ဘိုချမ်း၊ ဝိုင်းစုခိုင်သိန်း ဒါရိုက်တာ-အဓိပတိမောင်မောင်ဦး
- ၁:၀၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ(ကျောက်ငါးသုတေသနသားဖောက်လုပ်ငန်း)
- ၁:၂၀ လေထုညစ်ညမ်းမှုနှင့်ကျန်းမာရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွဋ်)
- ၁:၅၀ ခံစားမှုရသစုံလင်…အမျိုးသားကန်တော်ကြီးဥယျာဉ်
- ၂:၁၀ Celebrity Profile (Rain)
- ၂:၄၀ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Lucky Prize Floral Service)
- ၃:၀၀ ကဏ္ဍာစုံလင် အားကစားအစီအစဉ်
- ၄:၀၀ မုံရွာမြို့ရဲ့ အထင်ကရနေရာ(၉)ခု
- ၄:၁၅ ပုဂံအိမ်ထဲကထည်ဝါမှုပြယုဂ်
- ၄:၃၀ ကြည်ညိုဖူးမြော် ပုပ္ပားတောင်ကလပ်စေတီတော်
- ၄:၄၅ ဖူးပွင့်ဝေဆာ ရွှေကျင်မြေမှဥယျာဉ်သာ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်း

ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာမြောက်ဘက် (၂)မိုင်ကွာ နေရှူရာချောင်း၌ တည်ဆောက်လျက်ရှိသည့် ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

အလင်းရောင်စာကြည့်တိုက် ထန်းတပင်မြို့နယ်၌ဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်း ဒေသကြီး ထန်းတပင်မြို့နယ် တော်လတဲ့ကျေးရွာတွင် ဇန်နဝါရီ ၁၄ ရက် ညနေ ၃ နာရီက အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းရီ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတိုင်းရဲ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ငြိမ်းငြိမ်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီ၊ တိုင်းဒေသကြီးလွှတ်တော် ဦးတိုင်းရဲ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးတို့က အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးပြောကြားသည်။

အဆိုပါ စာကြည့်တိုက်သို့ တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းနှင့် သွပ်အချပ် ၅၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးတို့ကလည်းကောင်း၊ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းမှ သုတ၊ ရသစာအုပ် ၁၀၀ ကို မြို့နယ်ဦးစီးမှူးကလည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူးဒေါ်သင်းသင်းခိုင် လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ဖြူးမြို့ အမှတ် (၃၃)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က အဆိုပါ လမ်းမုခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းနှင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာ စစ်တုရင်နည်းပြသင်တန်းဆင်းပွဲ ကျင်းပ

အပြည်ပြည်ဆိုင်ရာ စစ်တုရင်နည်းပြသင်တန်းဆင်းပွဲအပြီး ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌတို့နှင့် ဘွဲ့ရသင်တန်းသားများအား တွေ့ရစဉ်။ (စစ်တုရင်အဖွဲ့ချုပ်)

ရန်ကုန် ဇန်နဝါရီ ၁၈

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်နှင့် ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော အပြည်ပြည်ဆိုင်ရာ စစ်တုရင်နည်းပြသင်တန်း(FIDE Trainers Seminar) ဆင်းပွဲနှင့် ၂၀၁၁ ခုနှစ် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အောင်မြင်မှုရရှိခဲ့ကြသော မြန်မာ့လက်ရွေးစင်စစ်တုရင် အားကစားသမားများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Ignatius Leong က သင်တန်းဆင်းပွဲနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က မြန်မာ့လက်ရွေးစင်စစ်တုရင် အားကစားသမားများအား ဂုဏ်ပြုစကားပြောကြားသည်။

ယင်းနောက် ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Ignatius Leong က အပြည်ပြည်ဆိုင်ရာ စစ်တုရင်နည်းပြသင်တန်း၌ တက်ရောက်အောင်မြင်ကြသော FIDE Trainer ဘွဲ့ရရှိသူနှစ်ဦး၊ FIDE Instructor (FI) ဘွဲ့ရရှိသူ ခြောက်ဦး၊ National Instructor (NI) ဘွဲ့ရရှိသူ ငါးဦး၊ Developmental Instructor (DI) ဘွဲ့ရရှိသူခုနစ်ဦးတို့အား ဘွဲ့လက်မှတ်များချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိသော ဝင်းဇော်ထွန်းအား ဆုကြေးငွေကျပ် ၁၈ သိန်းကို ပေးအပ်ပြီး ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က ကြေးတံဆိပ်ရရှိသော ကျော်လင်းနိုင်အား ဆုကြေးငွေကျပ် ကိုးသိန်းကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွမ်းခြံကုန်း၌ အားကစားပြိုင်ပွဲ ဆုချီးမြှင့်

ကွမ်းခြံကုန်း ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်တွင် အမျိုးသား အမျိုးသမီးဘော်လီဘောနှင့် အမျိုးသား ဘောလုံးဗိုလ်လုပွဲများကို ဇန်နဝါရီ ၆ ရက်က မြို့နယ် အောင်ဆန်းသူရိယလှသောင်း အားကစားကွင်း၌ ကျင်းပရာ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွန်းသီ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁)မဲဆန္ဒနယ်မြေ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး ဆုပေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွန်းသီက အမျိုးသမီးဘော်လီဘော ပထမဆုရရေတိမ်အသင်းနှင့် အမျိုးသား ပထမဆုရ ပေကုန်းအသင်းတို့အား လည်းကောင်း၊ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆုရ ဝက်ကိုက်ကျေးရွာအသင်းတို့အားလည်းကောင်း ပထမဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အင်းစိန်မြို့နယ် အလက(၄) ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ တိုင်းဒေသကြီးအဆင့် အခြေခံပညာကျောင်းပေါင်းစုံ အားကစားပွဲတော်၌ မြို့နယ်ကျောင်းပေါင်းစုံ ကိုယ်စားပြုရိုးရာခြင်းခတ်ပြိုင်ပွဲတွင် အလက(၄)မှ တတိယဆုရ အားကစားအဖွဲ့နည်းပြကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှဝင်းနှင့် ခြင်းခတ်သူများအား ဆုတံဆိပ်များနှင့်အတူ တွေ့ရစဉ်။ (ဝ၃၁)

စက်သုံးဆီ ရောင်းဈေးနှုန်းများ

၁၈-၁-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

Mean of Platts Singapore Price(MOPS)အရ ရန်ကုန်ဆိပ်ကမ်းအရောက်ဈေးနှုန်း	ဓာတ်ဆီ 92 Ron	ဒီဇယ်ဆီ
USD/IG	၃·၅၅	၃·၈၁
ကျပ်/ဂါလန်(1 USD=835 Kyats) နိုင်ငံခြားငွေရောင်းဝယ်လဲလှယ်ရေးဌာန (သိမ်ဖြူရောင်းဈေးနှုန်း)	၂၉၆၄·၂၅	၃၁၈၁·၃၅

အိမ်နီးချင်းနိုင်ငံများ၏ ရောင်းဈေးနှုန်းများ (အမေရိကန်ဒေါ်လာ/ဂါလန်)

နိုင်ငံ	ဓာတ်ဆီ 92Ron	ဒီဇယ်ဆီ
ကမ္ဘောဒီးယား	၅·၇၂	၅·၅၀
ထိုင်း	၄·၉၉	၄·၁၃
အိန္ဒိယ	၅·၅၉	၃·၄၈
တရုတ်	၄·၄၃	၄·၇၁
ဘင်္ဂလားဒေ့ရှ်	၄·၈၁	၃·၂၂
လာအို	၆·၃၁	၅·၃၀
စင်ကာပူ	၇·၂၆	၅·၇၂
အင်ဒိုနီးရှား	၃·၅၃	၄·၃၂
ဖိလစ်ပိုင်	၅·၄၅	၅·၀၈
ဘရူနိုင်း	၁·၇၈	၁·၀၈
ကိုရီးယား	၇·၆၂	၇·၀၃

ဒေသအလိုက် ပြည်တွင်းရောင်းဈေးနှုန်းများ (ကျပ်/ဂါလန်)

ဒေသများ	ပြည်တွင်းထုတ် ဓာတ်ဆီ		ပြည်ပမှတင်သွင်းသည့် ဓာတ်ဆီ 92 Ron		ပြည်ပမှတင်သွင်းသည့် ဒီဇယ်ဆီ	
	ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း	ပြင်ပ ရောင်းဈေးနှုန်း	ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း	ပြင်ပ ရောင်းဈေးနှုန်း	ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း	ပြင်ပ ရောင်းဈေးနှုန်း
နေပြည်တော်	၃၅၀၀	၄၀၀၀	၃၈၀၀	၃၇၀၀	၃၇၀၀	၃၅၀၀
ရန်ကုန်	၃၃၅၀	၃၆၀၀	၃၆၅၀	၃၇၀၀	၃၅၀၀	၃၃၀၀
မန္တလေး	၃၅၀၀	၄၂၀၀	၄၁၀၀	၄၁၀၀	၃၆၀၀	၃၆၀၀
ပုသိမ်	၃၄၅၀	၃၈၀၀	၃၇၀၀	၃၅၀၀	၃၆၀၀	၃၃၅၀
ပဲခူး	၃၄၀၀	၃၆၀၀	၃၆၅၀	၃၆၅၀	၃၅၀၀	၃၅၀၀
ပြည်	၃၄၅၀	၄၀၀၀	၃၈၀၀	၃၈၀၀	၃၆၅၀	၃၄၀၀
မကွေး	၃၅၀၀	၄၀၀၀	၄၁၀၀	၄၀၀၀	၃၈၀၀	၃၅၀၀
မုံရွာ	၃၅၀၀	၄၃၀၀	၄၃၀၀	၃၈၀၀	၄၀၀၀	၃၃၀၀
တောင်ကြီး	၃၆၀၀	၄၈၀၀	၃၉၀၀	၃၉၀၀	၃၈၀၀	၃၇၀၀
လားရှိုး	၃၆၀၀	၄၀၀၀	၄၄၀၀	၄၀၀၀	၃၉၀၀	၃၆၀၀
ကျိုင်းတုံ	-	-	၄၁၅၀	၄၁၅၀	၄၃၀၀	၄၃၀၀
မော်လမြိုင်	၃၄၅၀	၃၅၀၀	၃၉၀၀	၃၅၀၀	၃၆၀၀	၃၄၀၀
လွိုင်ကော်	၃၇၀၀	၄၄၀၀	၄၀၀၀	၄၀၀၀	၃၈၀၀	၃၈၀၀
ဘားအံ	၃၅၀၀	၃၄၀၀	၃၆၀၀	၃၁၀၀	၃၆၀၀	၃၄၀၀
မြိတ်	၃၆၀၀	၃၀၀၀	-	၃၀၀၀	-	၃၀၀၀
စစ်တွေ	၃၆၅၀	၄၈၀၀	၅၀၀၀	-	၃၆၀၀	၃၃၅၀
မြစ်ကြီးနား	၃၆၅၀	၅၀၀၀	-	၄၇၀၀	၄၀၀၀	၄၀၀၀
ဟားခါး	၃၉၅၀	၅၅၀၀	၄၆၀၀	၄၇၀၀	၄၀၀၀	၄၂၀၀

စွမ်းအင်ဝန်ကြီးဌာန၏ ပြည်တွင်းထုတ်ဓာတ်ဆီရောင်းဈေးနှုန်းကို ဈေးကွက်ပေါက်ဈေးဖြင့် ပြင်ဆင်သတ်မှတ်ရောင်းချနိုင်ရေးဆောင်ရွက်ခဲ့ရာတွင် ၁-၁-၂၀၁၂ ရက်နေ့မှစ၍ ရန်ကုန်မြို့၌ အထိုင်ဈေးတစ်ဂါလန်လျှင် ၃၀၀၀ ဈေးနှုန်းသို့ စတင်ပြင်ဆင်သတ်မှတ်ရောင်းချခဲ့ပြီး ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များကိုလည်း ဈေးနှုန်းအရှင်ဖြင့် လွတ်လပ်စွာပြန်လည်ရောင်းချခွင့်ပြုခဲ့သည့်အပြင် လိုအပ်သည့်နေရာများတွင် စွမ်းအင်ဝန်ကြီးဌာနအရန်ဆီများ ထပ်မံဖြည့်တင်းရောင်းချပေးနေသဖြင့် ပြည်တွင်းထုတ်ဓာတ်ဆီ ပြင်ပပေါက်ဈေးနှုန်းများ သိသာစွာကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ **(စွမ်းအင်ဝန်ကြီးဌာန)**

ဓာတ်တိုင်မှ ဓာတ်ကြိုးပြတ်၍ ကလေးတစ်ဦး ဒလ၌ ဓာတ်လိုက်သေဆုံး

ရန်ကုန် ဇန်နဝါရီ ၁၈

ဒလမြို့နယ် တံတားချောင်းကျေးရွာ-စံပြ၌ ဇန်နဝါရီ ၁၄ ရက် ညနေ ၄ နာရီ ၁၅ မိနစ်က ဓာတ်တိုင်မှ ဓာတ်ကြိုးပြတ်ကျနေသဖြင့် ကလေးတစ်ဦး ဓာတ်လိုက်သေဆုံးမှု ဖြစ်ပွားသည်။

ဖြစ်စဉ်မှာ အိမ်အမှတ်(၂၁၁) စံပြ ၄ လမ်း အိမ်အရှေ့တွင် ညီအစ်ကိုနှစ်ဦး ရေချိုးနေကြစဉ် ဓာတ်လိုက်သေဆုံးသွားသူ အောင်ဇင်ထွေး(၆ နှစ်)က အနီးရှိ တုတ်ချောင်းကိုဆွဲလိုက်ရာ အိမ်ရှေ့ဓာတ်တိုင်မှပြတ်ကျနေသောဓာတ်ကြိုးပါလာပြီး ကလေးအားဓာတ်လိုက်၍ မှောက်လျက်ဖြစ်သွားသည်။ အိမ်နီးနားချင်းတစ်ဦးက အကူအညီတောင်းသဖြင့် လူများရောက်ရှိလာရာ ဝါးထမ်းပိုးနှင့်ဆွဲထုတ်ယူပြီး ဒလဆေးရုံသို့ ပို့ခဲ့ရာမှ သေဆုံးသွားကြောင်း သိရှိရသည်။ (၁၅၁)

မီးဘေးကြိုတင်ကာကွယ်တားဆီးရေး သတိပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၁၈

သဃ်န်းကျွန်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးစီမံချက် ရှင်းလင်းခြင်း၊ အသိပညာပေးဟောပြောပွဲနှင့် (ဆ/ခ) ရပ်ကွက် ဒေသအရန်မီးသတ်တပ်ဖွဲ့သို့ အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက်က (ဆ/ခ) ရပ်ကွက် ကျိုက်ဒေးယျံ(ရန်ကုန်) အာနန္ဒာစေတီတော် ဂေါပကရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံတိုင်းရင်းဆေးသမားတော်ကြီး ဒေါက်တာဦးရှိန်းနှင့် သမီးတပည့် ဂျပန်နိုင်ငံသူ မယူကီတိုတို့က ဒေသအရန်မီးသတ်တပ်ဖွဲ့သို့ အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးညဏ်ထွန်း၊ (ဆ/ခ)ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးတင့်လွင်နှင့် ဒေသအရန်မီးသတ်တပ်စုမှူး ဦးအောင်သိန်းတို့က လက်ခံရယူခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(စမ်းစမ်းကြည်)**

နိုင်ငံတကာအနုပညာ နိုင်ငံတကာအနုပညာ နိုင်ငံတကာအနုပညာ

၂၀၁၂ ခုနှစ် Golden Globe Awards ပွဲ၌ ရုပ်ရှင်မင်းသမီး ကိတ်ဝင်းစလက် အကောင်းဆုံးသရုပ်ဆောင်ဆုရရှိ

မောင်မောင်မြင့်ဆွေ ရေးသားသည်

အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆုရ ဂျော့ကလိုနေ

အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုရ ကိတ်ဝင်းစလက်

အကောင်းဆုံးအဆိုတော်ဆုရ မက်ဒေါနား

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁၈

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ ဇန်နဝါရီ ၁၅ ရက်က ၂၀၁၂ ခုနှစ်အတွက် Golden Globe Awards ချီးမြှင့်ပွဲကျင်းပကာ ဆုများအသီးသီး ချီးမြှင့်လိုက်ပြီဖြစ်သည်။

ထိုသို့ချီးမြှင့်ရာတွင် အကောင်းဆုံးအမျိုးသား သရုပ်ဆောင်ဆု(ဒရာမာ)အတွက် ဂျော့ကလိုနေ (George Cloney)က The Descendants ဇာတ်ကားဖြင့်ဆွတ်ခူးရရှိသွားသည်။ ၎င်းဆုအတွက် ပဏာမအမည်စာရင်းတွင် ရုပ်ရှင်မင်းသားလီယိုနာဒိုနှင့် မိုက်ကယ်ဖက်စ်ဘန်ဒါတို့လည်း တင်သွင်းခံခဲ့ရသည်။

စာရင်းတင်သွင်း

အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်ဆု (Miniseries or Mortion) ကို ရုပ်ရှင်မင်းသမီး ကိတ်ဝင်းစလက်က Mildred Pierce ဇာတ်ကားဖြင့် ဆွတ်ခူးရရှိခဲ့သည်။ ၎င်းဆုအတွက် ရုပ်ရှင်မင်းသမီးရိုမိုလာဂါရေးနှင့် အဲလီဇဘတ်မက်ရိုဗင်တို့လည်း အမည်စာရင်းတင်သွင်းခံရသည်။

အကောင်းဆုံး ဒါရိုက်တာဆုကို Hugo ဇာတ်ကား ရိုက်ကူးသည့် မာတင်စကော့စ် စီစီ (Martin Scorsese) က ဆွတ်ခူးရရှိသွားသည်။ ၎င်းဆုအတွက် ဝုဒ်အလန်နှင့် မိုက်ကယ်ဟာဇာနာဗီစီးရပ်စ်တို့လည်း အမည်စာရင်းတင်သွင်းခံရသည်။

ဆွတ်ခူး

အကောင်းဆုံးရုပ်ရှင်ကားဆု (ဒရာမာ)ကို The Descendants ဇာတ်ကားက ဆွတ်ခူးရရှိသွားသည်။ ၎င်းဇာတ်ကားနှင့်အပြိုင် The Help၊ Hugo၊ Moneyball၊ The Ides of March၊ War Horse Best Motion Picture ဇာတ်ကားများ အမည်စာရင်းတင်သွင်းခံရသည်။

Best Screenply ဇာတ်ကားဆုကို Midnight in Paris ဇာတ်ကားက ဆွတ်ခူးရရှိခဲ့သည်။ ၎င်းဇာတ်ကားသည် The Artist၊ The Desendants၊ The Ides of March နှင့် Moneyball တို့နှင့်အပြိုင် အရွေးခံခဲ့ရခြင်းဖြစ်သည်။

ပါဝင်သရုပ်ဆောင်ခဲ့

အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆု(ဒရာမာ)ကို The Iron Lady ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့သော မာရေစထရိ(ပ်) (Meryl Streep)က ဆွတ်ခူးရရှိခဲ့သည်။

အကောင်းဆုံးနိုင်ငံခြားစကားပြောရုပ်ရှင်ဆုကို အီရန် ရုပ်ရှင်ကား A Separation က ရွေးချယ်ခံရပြီး အကောင်းဆုံး ရုပ်မြင်သံကြား ဇာတ်လမ်းတွဲဆု (ဒရာမာ)ကို Homeland ဇာတ်ကားက ရွေးချယ်ချီးမြှင့်ခံရသည်။

ရွေးချယ်

အကောင်းဆုံး ရုပ်ရှင်တေးသီချင်းအဆိုတော်ဆုကို မက်ဒေါနားက (Masterpiece) ဖြင့်ရရှိခဲ့သည်။ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုကို (Beginners) ဇာတ်ကားမှ ခရစ္စတိုဖာပလမ်မာက ရရှိခဲ့သည်။ ၂၀၁၂ ခုနှစ် Golden Globe Awards များအတွက် အကောင်းဆုံးအနုပညာဆုပေါင်း ၂၀ ကျော်ကို ရွေးချယ်ချီးမြှင့်ခဲ့သည်။ **(အင်တာနက်)**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဩစတြေးလျနိုင်ငံ အောက်လွှတ်တော်အမတ် ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၈

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဩစတြေးလျနိုင်ငံ အောက်လွှတ်တော်အမတ် မစ္စဂျဲနက်လေဆစ်ဖင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေး

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ လွှတ်တော်ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဩစတြေးလျနိုင်ငံ အောက်လွှတ်တော်အမတ် မစ္စဂျဲနက်လေဆစ်ဖင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

စားသုံးဆီဈေးနှုန်းသည် စားသုံးသူနှင့် ထုတ်လုပ်သူများအကြား မျှတရန်လို စာ-၃

သိပ္ပံနည်းကျ စိုက်ပျိုးခြင်းသည် စိုက်ပျိုးသီးနှံ့ အမယ်အလိုက် ဝင်ငွေတိုး စာ-၅

၂၀၁၂ ခုနှစ် Golden Globe Awards များချီးမြှင့်၊ ရုပ်ရှင်မင်းသမီး ကိတ်ဝင်းစလက် အကောင်းဆုံး သရုပ်ဆောင်ဆုရရှိ စာ-၁၀

မြေယာစီမံခန့်ခွဲမှုစိစစ်ရေးအဖွဲ့အနေဖြင့် မြေယာများကို စီမံခန့်ခွဲဆောင်ရွက်ရာတွင် ဥပဒေကြောင်းအရလည်းကောင်း၊ အမှန်တကယ် ရထိုက်ခွင့်ရှိသူများ နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက်လည်းကောင်း စနစ်တကျ ကြီးကြပ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၈

နေပြည်တော် မြေယာစီမံခန့်ခွဲမှုစိစစ်ရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၂)ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နေပြည်တော် မြေယာစီမံခန့်ခွဲမှု စိစစ်ရေးအဖွဲ့ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးကံချွန်၊ စိစစ်ရေးအဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဥပဒေရုံး၊ ရဲတပ်ဖွဲ့၊ သစ်တော၊ မြေစာရင်း၊ ဆည်မြောင်း၊ ဆောက်လုပ်ရေးတို့မှ တာဝန်ရှိသူများ၊ နေပြည်တော် မြို့နယ် (၈)မြို့နယ်မှ မြို့နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ဆွေးနွေး

ယနေ့ အစည်းအဝေးတွင် မီးသွေးဖိုကုန်းကျေးရွာရှိ လယ်ယာမြေများပေါ်၌ တရားမဝင်ကျူးကျော်ဝင်ရောက်နေထိုင်မှုဆိုင်ရာများနှင့် နေရာချထားမှု တိကျမှန်ကန်ရေးဆိုင်ရာများကို ဆွေးနွေးကြကြောင်း သိရှိရသည်။

မီးသွေးဖိုကုန်းကျေးရွာသည် လယ်ဝေးမြို့နယ် ရှမ်းစုကျေးရွာအုပ်စုတွင် ပါဝင်ပြီး ၂၀၀၃ ခုနှစ်တွင် ကောက်ယူခဲ့သောစာရင်းအရ အိမ်ခြေ ၁၇ လုံး၊ ၂၀၀၉ ခုနှစ် လယ်ယာ သန်းခေါင်စာရင်းအရ အိမ်ခြေအလုံး ၂၀ သာ ရှိခဲ့သည့် ကျေးရွာငယ်လေးဖြစ်သည်။

၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် နေပြည်တော် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဆောင်ရွက်နိုင်ရန်အတွက် ထပ်မံစာရင်းကောက်ယူခဲ့ရာ မီးသွေးဖိုကုန်းကျေးရွာ၌ အိမ်ခြေ ၁၃၃ လုံး၊ အိမ်ထောင်စု ၁၄၅ စုအထိ လျင်မြန်စွာ တိုးပွားလာခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

အဆိုပါအိမ်ထောင်စု ၁၄၅ စုအနက် မူလဒေသခံနေထိုင်သူများ၊ နောက်ပိုင်း အိမ်ထောင်ကျ၍ အိုးခွဲနေထိုင်သည့် သားသမီးများနှင့် မူလမြေပိုင်ဆိုင်ပြီး ယခုပြန်လည်အခြေစိုက်နေထိုင်သည့် ဒေသခံများ စုစုပေါင်း အိမ်ထောင်စု ၄၉ စုအတွက် ဒက္ခိဏသီရိမြို့နယ် ရွှေအင်ကြင်း ရပ်ကွက် (၂)တွင် ပေ (၆၀ × ၆၀) မြေကွက်များ ချထားပေးခဲ့ပြီးဖြစ်သည်။ ထို့ပြင် ၎င်းမိသားစုများအတွက် *စာမျက်နှာ ၆ကော်လံ ၁*✳

မြန်မာ့အလင်း နိုင်ငံတကာသတင်း

ခင်ရတနာ - ရေးသားသည်

အပျော်စီးသင်္ဘောကြီးမှ ပျောက်ဆုံးနေသူများ ကျန်ရှိနေ

ရောမ ဇန်နဝါရီ ၁၈

ပြီးခဲ့သည့်အပတ် သောကြာနေ့ ည ၈ နာရီခန့်က သဲသောင်ပြင်နှင့် ထိခိုက်မိသည့်အရှိန်ကြောင့် တိမ်းမှောက်ခါနီးသင်္ဘောကြီးကို ယနေ့ချိန်အထိ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေရဆဲဖြစ်ကြောင်း CNN သတင်းဌာနက ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာသည်။

အပျော်စီးသင်္ဘောကြီး ကော်စကာကွန်ကော်ဒီရာသည် သဲသောင်ပြင်နှင့် ထိခိုက်မှုကြောင့် ယနေ့ရှာဖွေနေဆဲချိန်အထိ လူ ၁၂ ဦးခန့် သေဆုံးခဲ့ပြီး ၂၀ ကျော်မှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရှိရသည်။

သင်္ဘောကြီးပေါ်မှ ခရီးသည်များအား ဇန်နဝါရီ ၁၃ ရက်ညကတည်းက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော်လည်း ပျောက်ဆုံးသူနှင့် သေဆုံးသူ ထပ်မံရှိလာနိုင်သေးကြောင်း အဆိုပါ သတင်းရပ်ကွက်က ခန့်မှန်းသည်။ သင်္ဘောတာဝန်ရှိသူ မာလိန်မှူးကြီးနှင့် ဒုတိယမာလိန်မှူးတို့အား ခရီးသည်များ၏ အသက်အန္တရာယ်ထိခိုက်မှုကြောင့် တရားစွဲဆိုထားကြောင်း အဆိုပါသင်္ဘောကြီးကို ပိုင်ဆိုင်သည့် Genoa-based Costa Cruise ပိုင်ရှင်က မီဒီယာများသို့ ပြောကြားခဲ့သည်။

လူပေါင်း ၄၀၀၀ ကျော် စီးနင်းလိုက်ပါခဲ့သော အဆိုပါ သင်္ဘောကြီးမှာ ယခုအခါ ပင်လယ်ရေမျက်နှာပြင်ပေါ်တွင် တိမ်းမှောက်လျက်ရှိပြီး နစ်မြုပ်လုနီးပါး ဖြစ်လျက်ရှိနေပြီဖြစ်သည်။ ***(ဝဲပုံ) (အင်တာနက်)***

ဖားကန့်မြို့နယ်၌ KIA အဖွဲ့က ထောင်ထားသော မိုင်းများနင်းမိသဖြင့် အပြစ်မဲ့ပြည်သူ သုံးဦးသေဆုံး၊ တစ်ဦးဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၁၈

ဖားကန့်မြို့နယ်မှ မိုးကောင်းမြို့သွား ခရီးသည်တင်မှန်လုံယာဉ်တစ်စီးသည် ဇန်နဝါရီ ၁၆ ရက် မွန်းတည့် ၁၂ နာရီခန့်က ကာမိုင်းမြို့နယ်ခွဲ၊ ခွန်ဆိုင်ဇွပ်ရွာအနီး ကားလမ်းယာဘက်ဘေး၌ ခေတ္တရပ်နားစဉ် ကားပေါ်မှ ဆင်းပြီး အပေါ့သွားသူခရီးသည် မင်းပြားမြို့နယ် ဆင်အိုးချေကျေးရွာနေ မောင်ဆန်းဝင်း အသက် ၁၈ နှစ်သည် KIA သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးအားနင်းမိပြီး ပေါက်ကွဲခဲ့သဖြင့် ၎င်းမောင်ဆန်းဝင်းနှင့် အမျိုးသားတစ်ဦး(စိစစ်ဆဲ)တို့နှစ်ဦး အခင်းဖြစ်နေရာ၌ ပွဲချင်းပြီးသေဆုံးခဲ့သည်။ ထို့ပြင် မိုင်းပေါက်ကွဲမှုကြောင့် ယာပေါင်ကျိုး၊ ယာတံတောင်ဆစ်နှင့် လက်ဖျံခြောက်လက်မခန့် ပွင့်ထွက်၊ ဝဲခြေဖျားမှ ဒူးအထိ ညိုမည်းဒဏ်ရာများ ရရှိခဲ့သည့် ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် စင်အိုးရွာနေ မောင်အောင်ထွန်းခိုင် အသက် ၂၁ နှစ်မှာ မိုးကောင်းဆေးရုံသို့ ပို့ဆောင်စဉ် မိုးကောင်းမြို့အဝင်၌ ရရှိဒဏ်ရာဖြင့်ပင် သေဆုံးသွားကြောင်း သိရှိရသည်။ *စာမျက်နှာ ၆ ကော်လံ ၄* ■